စိတ်ကူးချိုချိုအနုပညာ

# ပဉ္စဝဂ္ဂီ ပါရဂူ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

ရဟာန်းငါးပါးစုဖြစ်လျှင် မည်သည့် ရဟာန်းငါးပါးအစုကိုဖြစ်ဖြစ် 'ပဥ္စဝဂ္ဂီ' ဟု ခေါ်၍ ရသည်။ ခေါ်သည့် အစဉ်အလာလည်း ရှိသည်။

စာရေးဆရာသည် 'ပဥ္စဝဂ္ဂီ' ဝတ္ထု၌ မထေရ်ငါးပါးအား တစ်ပါးစီ တစ်ပါးစီ မိမိတို့ဒေသအကြောင်း၊ မိမိတို့ဒေသ၏ သာသနာအကြောင်းကို မြွက်ကြားခိုင်းထားသည်ဖြစ်၍ 'ပဥ္စဝဂ္ဂီ' ဝတ္ထုသည် 'သာသနာဝင်' စာအုပ်တစ်အုပ်လည်း ဖြစ်နေသည်။ ထိုခေတ်က ပုဂံ၊ သီဟိုဠ် (သီရိလင်္ကာ)၊ ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယ)၊ ကမ္ဘောဇတို့သည် သာသနာထွန်းကားသော နိုင်ငံများ ဖြစ်သည်။ ထို့ကြောင့် မထေရ်ငါးပါး မြွက်ကြားသော အတွေ့အကြုံများကို ဝတ္ထုပုံစံဖြင့် စုစည်းထားသော 'ပဥ္စဝဂ္ဂီ' ကို သာသနာဝင် စာအုပ်တစ်အုပ်ဟုလည်း ခေါ်၍ရသည်။

တချို့ဝတ္ထုရေးဆရာများရေးသော ဝတ္ထုများသည် ဇာတ်ဆောင်တစ်ယောက်စီ၏ စကားများကို စုစည်းပြီး ဝတ္ထုအဖြစ် ဖန်တီးထားသော ဝတ္ထုများဖြစ်သည်။ ဤ 'ပဥ္စဝဂ္ဂီ' ၌ ယင်းဝတ္ထုရေးနည်းရေးဟန်ကို အသုံးပြုထားသည်။ သို့သော်လည်း 'ပဥ္စဝဂ္ဂီ' ၌ စိတ်ကူးက နည်းပြီး သမိုင်းကြောင်းများကို ဦးစားပေးထားရသည်ဖြစ်၍ ဝတ္ထုအတတ်ပညာရှုထောင့်က ကြည့်ပြီး ပြောလျှင်မူ ဝတ္ထုမပီသသော ဝတ္ထုဟု ပြောကောင်းပြောလိမ့်မည်။

ပဥ္စဝဂ္ဂီ

ပါရဂူ

PYG0040

2,500.00 KS

mgyoe.com

mgyoe.com

ပဉ္စဝဂ္ဂီ၊ ပါရဂူ
စာမျက်နှာ ၁၈၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၂၀၀၆ ပုဂံစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပဉ္စဝဂ္ဂီ ပါရဂူ

မြို့လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| - | စကားဦး | ၁ |
| - | ပဋ္ဌဝဂ္ဂ | ၅ |
| ၁။ | ရာဟုလာ | ၂၅ |
| ၂။ | သိဝလိ | ၄၂ |
| ၃။ | တာမလိန္ဒ | ၈၄ |
| ၄။ | အာနန္ဒာ | ၁၀၂ |
| ၅။ | ဆပ္ပဒ | ၁၃၁ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စကားဦး

မြန်မာနိုင်ငံ၏ လက်မွန်မဆွ သာသနာမှာ ပုဂံသာသနာဖြစ်သည်။ ပုဂံသာသနာကို နောက်ခံထားပြီး ဝတ္ထုရှည်တစ်ပုဒ် ရေးလိုသည့်အကြံ ဖြစ်ပေါ်လာသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ယင်းအကြံကို အကောင်အထည်ဖော်သည့်အနေဖြင့် 'အပ္ပမာဒ'စာစောင် ထွက်စက 'ပဋ္ဌဝဂ္ဂီ' ခေါင်းစဉ်ဖြင့် အခန်းဆက်ဝတ္ထု ရေးခဲ့သည်မှာလည်း နှစ်အတန်ကြာကာလကပင် နိဂုံးကမ္ပတ် အပြီးသတ်သွားခဲ့ပြီ။ သို့သော်လည်း စက်တင်ပုံနှိပ်ရန်အတွက် အချိန်ကာလ စောင့်ဆိုင်းနေရသည့်အတွက် ယခုမှပင် စာအုပ်ဘဝ ရောက်ရသည်။ ထိုအချိန်အတောအတွင်း ပုဂံသာသနာကို ဆစ်ပိုင်းဆစ်ပိုင်း ရေးထားသော ဝတ္ထုတိုသုံးပုဒ် စုစည်းပြီး 'ဓမ္မဒဿီ'ခေါင်းစဉ်ဖြင့် ကြားဂေါက် စာအုပ်ငယ်တစ်အုပ် ထုတ်ဝေနိုင်ခဲ့သည်။

ပုဂံသာသနာကိုနောက်ခံထားပြီး ဝတ္ထုရှည်တစ်ပုဒ်ရေးမည် ကြံရွယ်သောအခါ ဝတ္ထု၏ အဓိကဇာတ်ဆောင်တစ်ဦး ရွေးချယ်ဖို့လိုလာသည်။ မိမိရေးမည့်ဝတ္ထုနှင့် အံဝင်ခွင်ကျဖြစ်မည့် ကျယ်ကျယ်ပြန့်ပြန့် သရုပ်ဆောင်နိုင်မည့် ဇာတ်ဆောင်ကို ကြည့်သောအခါ ပုဂံခေတ်က သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ဆယ်နှစ်ဆယ်မိုး သွားနေပြီး ပုဂံပြည် ပြန်လာသော ဆပ္ပဒမထေရ်ကို သွားတွေ့သည်။ လွန်ခဲ့သော နှစ် ၂၀ ကျော်က မိမိရေးသော 'မဟာခရီးသည်' စာအုပ်အတွက်လည်း 'ပုဂံခရီးသည်'အဖြစ် ဆပ္ပဒ

mgyoe.com

mgyoe.com


မထေရ်ကိုပင် ရွေးချယ်ခဲ့သည်။ ညောင်ဦးမြို့စွန်ရှိ ဆပ္ပဒစေတီကလည်း ဆပ္ပဒမထေရ်၏ ဘဝဖြစ်ရပ် ထေရုပ္ပတ်ကို ရွတ်ဖတ်ကြွေးကြော်နေသည်။

သိဟိုဠ်ကျွန်း၌ ဆယ်နှစ်ဆယ်မိုးနေပြီး နေရင်းရပ်ရွာ ပြည်မြန်မာ ဆပ္ပဒ ပြန်လာသောအခါ သီတင်းသုံးဖော်သုံးဖက် မထေရ်လေးပါး ပါလာသည်။ ယင်းမထေရ်များကား-

၁။ သီဟိုဠ်ကျွန်းသား ရာဟုလမထေရ်

၂။ တာမရလိပ္ပတိသား သီဝလိမထေရ်

၃။ ကမ္ဘောဇမင်း၏သားတော် တာမလိန္ဒမထေရ်

၄။ ကဉ္စိပူရသား အာနန္ဒာမထေရ်

တို့ဖြစ်ကြသည်။

ဆပ္ပဒမထေရ်နှင့် သီတင်းသုံးဖော်သုံးဖက် မထေရ်လေးပါးတို့၏ ပုဂံဘဝသည် ပုဂံသာသနာ၏ ကဏ္ဍတစ်ကဏ္ဍ ဖြစ်လာသည်။ ယင်းဘဝ၊ ယင်းကဏ္ဍသည်ပင် 'ပဥ္စဝဂ္ဂီ' ၏ ကျောရိုးဖြစ်သည်။

မထရ်ငါးပါး၏ ဘဝကို ဖော်ပြထားသည့်အတွက်ကြောင့်လည်း 'ပဥ္စဝဂ္ဂီ'ဟူ၍ ဝတ္ထုခေါင်းစဉ်၊ ဝတ္ထုအမည် တပ်ထားခြင်းဖြစ်သည်။ ပဥ္စ- ငါး၊ ဝဂ္ဂီ-အစု 'ရဟန်းငါးပါးစု'ဟူ၍ အဓိပ္ပာယ်ရသည်။ မိဂဒါဝုန်၌ ဗုဒ္ဓဓမ္မစကြာဒေသနာတော်ဟောစဉ်က ကျွတ်တန်းဝင်သွားကြသည့် ကောဏ္ဍည မထေရ် စသော ရဟန်းငါးပါးအစုကိုလည်း 'ပဥ္စဝဂ္ဂီ' ဟူ၍ အစဉ်အလာ ခေါ်လာခဲ့ကြသည်။ ရဟန်းငါးပါးစုဖြစ်လျှင် မည်သည့်ရဟန်း ငါးပါးအစုကို ဖြစ်ဖြစ် 'ပဥ္စဝဂ္ဂီ'ဟု ခေါ်၍ရသည်။ ခေါ်သည့် အစဉ်အလာလည်း ရှိသည်။

စာရေးဆရာသည် 'ပဥ္စဝဂ္ဂီ'ဝတ္ထု၌ မထေရ်ငါးပါးအား တစ်ပါးစီ တစ်ပါးစီ မိမိတို့ဒေသအကြောင်း၊ မိမိတို့ဒေသ၏ သာသနာအကြောင်းကို မြွက်ကြားခိုင်းထားသည်ဖြစ်၍ 'ပဥ္စဝဂ္ဂီ'ဝတ္ထုသည် 'သာသနာဝင်' စာအုပ် တစ်အုပ်လည်း ဖြစ်နေသည်။ ထိုခေတ်က ပုဂံ၊ သီဟိုဠ် (သီရိလင်္ကာ)၊ ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယ)၊ ကမ္ဘောဇတို့သည် သာသနာထွန်းကားသော နိုင်ငံများ ဖြစ်သည်။ ထို့ကြောင့် မထေရ်ငါးပါး မြွက်ကြားသော အတွေ့အကြုံ

mgyoe.com

mgyoe.com


များကို ဝတ္ထုပုံစံဖြင့် စုစည်းထားသော 'ပဋ္ဌဝဂ္ဂီ'ကို သာသနာဝင် စာအုပ်တစ်အုပ်ဟုလည်း ခေါ်၍ရသည်။

တချို့ ဝတ္ထုစာရေးဆရာများရေးသော ဝတ္ထုများသည် ဇာတ်ဆောင်တစ်ယောက်စီ၏ စကားများကို စုစည်းပြီး ဝတ္ထုအဖြစ် ဖန်တီးထားသော ဝတ္ထုများ ဖြစ်သည်။ ဤ 'ပဋ္ဌဝဂ္ဂီ'၌ ယင်းဝတ္ထုရေးနည်းရေးဟန်ကို အသုံးပြုထားသည်။ သို့သော်လည်း 'ပဋ္ဌဝဂ္ဂီ' ၌ စိတ်ကူးက နည်းပြီး သမိုင်းကြောင်းများကို ဦးစားပေးထားရသည်ဖြစ်၍ ဝတ္ထုအတတ်ပညာရှုထောင့်ကကြည့်ပြီး ပြောလျှင်မူ ဝတ္ထုမပီသသော ဝတ္ထုဟု ပြောကောင်းပြောလိမ့်မည်။

ပါရဂူ

၁၅၊ ၁၀၊ ၂၀၀၅

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပဥ္စဝဂ္ဂီ

အပြောကျယ်သော ပင်လယ်သမုဒ္ဒရာရေပြင်တွင် အနောက်သို့ ရွက်စုံဖွင့်ပြီး လွင့်သွားသော လှေနာဝါကြီးပေါ်တွင် ကျွန်ုပ်နှင့် ကျွန်ုပ်၏ဆရာ ပါလာသည်။ ထိုအချိန်က တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ခရီးသွားလိုသော ကျွန်ုပ်တို့လို သာသနာ့ဝန်ထမ်း ရဟန်းသံဃာများသည် ကူးသန်းရောင်းဝယ်ရေး ကိစ္စဖြင့်ဖြစ်စေ၊ မင်းစိုးရာဇာများ၏ တိုင်းရေးပြည်ရေး ရာဇအရေး ကိစ္စများဖြင့်ဖြစ်စေ သွားလာကြသော လှေကြုံ၊ သင်္ဘောကြုံနှင့် လိုက်ပါသွားကြရသည်။

ကျွန်ုပ်တို့လက်ထက်မတိုင်ခင် ရှေးယခင်ခေတ်ကလည်း ပရိယတ္တိ၊ ပရိပတ္တိ၊ ပဋိဝေဓတည်းဟူသော သာသနာတော် သုံးရပ်အတွက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးသန်းသွားလာကြသော ရဟန်းသံဃာတော်များ ရှိကြသည်။ ယင်းရဟန်းသံဃာတော်များခေတ်ကမူ ကျွန်ုပ်တို့ခေတ်ကလို လှေကြုံ၊ သင်္ဘောကြုံလည်း မရှိသလောက်ပင် ဖြစ်သည်။ ထို့ကြောင့် ထိုခေတ်က လောကအကျိုးနှင့် သာသနာတော်အကျိုးအတွက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးသန်းသွားလာကြသော ရဟန်းသံဃာတော်များသည် အသက်အန္တရာယ်ကို ရင်ဆိုင်လျက် တောအတန်တန် တောင်အထပ်ထပ် ဖြတ်ကျော်ပြီးလျှင် လိုရာခရီးကို သွားလာကြရသည်။ ယင်းကဲ့သို့ ခရီးသွားရင်းလာရင်း သဘာဝဘေးဒဏ်ကြောင့်လည်းကောင်း၊ သားရဲတိရစ္ဆာန်တို့၏ဘေးရန်ကြောင့်လည်း

mgyoe.com

mgyoe.com

ကောင်း အသက်စွန့်သွားကြရသော ရဟန်းသံဃာတို့လည်း အရေအတွက် မနည်းပေ။

ကျွန်ုပ်တို့ခေတ် ရောက်ရှိလာသောအခါ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးသန်းသွားလာရေး အဆက်အသွယ် တိုးတက်မှုရှိလာသောကြောင့် ယခင်ကဲ့သို့ တောအတန်တန် တောင်အထပ်ထပ် ဖြတ်ကျော်လျက် အသက်စွန့်ပြီး သွားလာစရာ သည်လောက်မလိုတော့ပေ။ အထူးမှာ မိမိတို့၏ ယခုခရီးသည် ရေလမ်းခရီးဖြစ်၍ ရေလမ်းခရီးတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးသန်းသွားလာနေကြသော ရေယာဉ်များရှိသည်။ မိမိတို့နှင့် အကြောင်းအပေါင်းသင့်သော ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် သွားလာနေကြသော လှေကြုံ သို့မဟုတ် သင်္ဘောကြုံနှင့် လိုက်သွားလျှင် သွားလိုရာခရီးသို့ ဘေးမထိရန်မခပဲ ရောက်ရှိသွားနိုင်သည်။

ကျွန်ုပ်သည် ရှင်သာမဏေတစ်ပါး ဖြစ်သည်။ ကျွန်ုပ်၏ဇာတိရပ်ရွာမှာဆပ္ပဒဖြစ်၍ ကျွန်ုပ်ကိုလည်း မူရင်းအမည်ပျောက်ပြီး ဆပ္ပဒဟု ခေါ်နေကြသည်။ ကျွန်ုပ်သည် မွန်အမျိုးအနွယ်ဖြစ်သည်။ ယခု ကျွန်ုပ်ကို ခေါ်လာသော ကျွန်ုပ်၏ဆရာ ဥတ္တရာဇီဝမထေရ်လည်း မွန်အမျိုးအနွယ်ဖြစ်သည်။ ကျွန်ုပ်၏ဆရာ ဥတ္တရာဇီဝမထေရ်သည် ပုဂံပြည်၌ သီတင်းသုံးသည်။

အနော်ရထာဘုရင်သည် သထုံကိုတိုက်ပြီး စစ်နိုင်သူအဖြစ်ဖြင့် ပုဂံပြည် ပြန်လာသောအခါ သထုံမှ ရဟန်းသံဃာတော်များကို ပင့်ဆောင်လာခဲ့သည်။ ယင်းရဟန်းသံဃာတော်များသည် ပုဂံပြည် ရောက်လာသောအခါ ငှက်ပစ်တောင်၊ မြင်းကပါ၊ တုရင်တောင်၊ တာမနီတို့၌ ဖြန့်ပြီး သီတင်းသုံးနေထိုင်ကြသည်။ ငှက်ပစ်တောင်၌ သီတင်းသုံးသော သံဃာတော်များကို ငှက်ပစ်တောင်ကြီးဂိုဏ်း ဟူ၍လည်းကောင်း၊ မြင်းကပါ၌ သီတင်းသုံးသော သံဃာတော်များကို မြင်းကပါကြီးဂိုဏ်း ဟူ၍လည်းကောင်း၊ တာမနီ၌ သီတင်းသုံးသော သံဃာတော်များကို တာမနီကြီးဂိုဏ်း ဟူ၍လည်း ကောင်း ခေါ်ကြသည်။

ကျွန်ုပ်ကို ခေါ်လာသော ကျွန်ုပ်၏ဆရာ ဥတ္တရာဇီဝမထေရ်သည် ငှက်ပစ်တောင်ဂိုဏ်းချုပ် ဆရာတော် ဖြစ်သည်။ ပုဂံပြည်၌ ပထမဦးစွာ

mgyoe.com

mgyoe.com


သာသနာ့ဦးကိုင်ဖြစ်သော ရှင်အရဟံ၏နောက်တွင် တတိယမြောက် သာသနာ့ ဦးကိုင်ဆရာတော်အဖြစ် သာသနာ့အမွေကို ဆက်ခံရသူမှာ ဥတ္တရာဇီဝမထေရ်ဖြစ်သည်။

ပုဂံပြည်၏ တိုးတက်မှုအရှိန်အဟုန် အမြင့်ဆုံးအဆင့် ရောက်နေချိန်၌ ပုဂံပြည်နှင့် ခေတ်ပြိုင် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားသောနိုင်ငံမှာ လင်္ကာဒီပ သိင်္ဟိုဠ်နိုင်ငံ ဖြစ်သည်။ ဗုဒ္ဓသာသနာတော်သည် မြစ်ကြီးတစ်စင်းနှင့် ပမာတူသည်။ ထိုပင်မမြစ်ကြီးမှ မြစ်လက်တက်နှစ်ခု ခွဲထွက်ပြီးလျှင် လမ်းနှစ်သွယ်သို့ စီးဆင်းသွားသည်။ သို့သော်လည်း ထိုမြစ်လက်တက်နှစ်ခုသည် တစ်ခုသောနေရာ၌ ပြန်လည်ပေါင်းစုံပြီး တစ်ခုတည်းဖြစ်သွားသည်။ ဇမ္ဗူဒိပ်ကျွန်းမှ သာသနာတော်မြစ်မကြီးသည် နှစ်မြွာဖြစ်ပြီးလျှင် စီးဆင်းသွားသည်။ သာသနာမြစ်လက်တက် တစ်မြွာကို လမ်းဖောက်ပေးသူမှာ ရှင်မဟာမဟိန္ဒ ဖြစ်သည်။ ထိုသာသနာမြစ်လက်ထက်တစ်မြွာသည် ဇမ္ဗူဒိပ်မှ သိင်္ဟိုဠ်ကျွန်းသို့ စီးဆင်းသွားသည်။ အခြားသာသနာ မြစ်လက်တက်တစ်မြွာကမူ လမ်းခွဲတစ်ခုသို့ စီးဆင်းသွားပြီးလျှင် သုဝဏ္ဏဘူမိ မြန်မာနိုင်ငံသို့ ရောက်လာသည်။ ထိုမြစ်လက်တက်ကို လမ်းဖောက်ပေးသူမှာ သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့ ဖြစ်ကြသည်။

ယင်းသာသနာမြစ်လက်တက် နှစ်မြွာသည် တစ်ခုသောအချိန်အခါ၌ တစ်မြွာနှင့်တစ်မြွာ၊ တစ်ခုနှင့်တစ်ခု ပြန်လည်ဆုံစည်းသွားကြသည်။ ပုဂံပြည် အနော်ရထာမင်းကြီးနှင့် လင်္ကာဒီပ သိင်္ဟိုဠ်ကျွန်း ပထမ ဝိဇယဗာဟုမင်းကြီးတို့၏ လက်ထက်၌ သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့ မျိုးကြဲခဲ့သော မြန်မာနိုင်ငံသာသနာတော်သည် ရှင်မဟာမဟိန္ဒ အုတ်မြစ်ချခဲ့သော လင်္ကာဒီပ သိင်္ဟိုဠ်ကျွန်း သာသနာနှင့် သွားရောက်ပေါင်းဆုံသည်။ ပုဂံပြည် အနော်ရထာမင်းကြီးလက်ထက်၌ အနော်ရထာမင်းကြီး ပန်ကြားချက်အရ သိင်္ဟိုဠ်ကျွန်း ဘုရင်မင်းကြီး ဝိဇယဗာဟု ပို့လိုက်သော စွယ်တော်မြတ်ကို ပုဂံပြည်ရှိ စေတီပုထိုးများတွင် ကိုးကွယ်ဌာပနာသည်။ အနော်ရထာမင်းကြီးကလည်း သထုံပြည်မှ ရရှိလာသော ပိဋကတ်ကျမ်းစာ မူပွားများနှင့် ရဟန်းတော်များကို သိင်္ဟိုဠ်ကျွန်းသို့ ပို့ပေးသည်။

mgyoe.com

mgyoe.com

ယင်းကဲ့သို့ မဟာမိတ်နိုင်ငံ နှစ်နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ရာဇ ရေးရာအရလည်းကောင်း ဆက်သွယ်မှု တိုးတက်ကြီးထွားလာသည်ကို အခွင့် ကောင်းယူလျက် ပုဂံပြည် ငှက်ပစ်တောင်ဂိုဏ်းချုပ် သာသနာ့ဦးကိုင်ဆရာ တော် ဥတ္တရာဇီဝမထေရ်သည် သိဟိုဠ်ကျွန်းခရီး ထွက်လာခဲ့ခြင်း ဖြစ်သည်။ ဥတ္တရာဇီဝမထေရ် အရင် သိဟိုဠ်ကျွန်းကြွသော ရဟန်းတော်မှာ ပုံ့သကူ မထေရ် ဖြစ်သည်။ သို့ရာတွင် ပုံ့သကူမထေရ်သည် ထိုအချိန်က ပုဂံပြည် တွင် အုပ်ချုပ်မင်းလုပ်နေသော နရသူဘုရင်နှင့် အဆင်မပြေ၍ သိဟိုဠ် ကျွန်းသို့ ကြွသွားခြင်းဖြစ်သောကြောင့် 'သိဟိုဠ်သွား ပထမ ဓမ္မခရီးသည်' ဂုဏ်ထူးကို မရရှိဘဲ ယခု အကျွန်ုပ်နှင့်အတူ သိဟိုဠ်ကျွန်းခရီး ထွက်လာ သော ဥတ္တရာဇီဝမထေရ်က 'သိဟိုဠ်သွား ပထမ ဓမ္မခရီးသည်' ဘွဲ့ထူး ဂုဏ်ထူး ရရှိသွားသည်။

ခရီးအစ၌ ဥတ္တရာဇီဝမထေရ်သည် သဘော်ဆိပ်မြို့ ပုသိမနဂရ ပုသိမ်မြို့သို့ ရောက်လာသည်။ ပင်လယ်ခရီးမထွက်ခင် ဥတ္တရာဇီဝမထေရ် သည် ကျွန်ုပ်၏ရွာသို့ ရောက်လာသည်။ ထိုအချိန်က ကျွန်ုပ်သည် ရှင်သာ မဏေ ဝါအတော်ရနေပြီ။ ဥတ္တရာဇီဝမထေရ်သည် ကျွန်ုပ်ကိုတွေ့သော အခါ သူနှင့် သိဟိုဠ်ကျွန်းသို့ လိုက်မလားဟု မေးသည်။ ထိုအချိန်က ကျွန်ုပ်သည် ရှင်သာမဏေဘဝနှင့် သာသနာ့ဘောင်အတွင်း ဝင်ရောက်နေရ သည်မှာ ပျော်နေပြီ။ ရှင်သာမဏေအဖြစ်နှင့် ပရိယတ္တိကျမ်းစာများကိုလည်း သင်ကြားနေပြီ။ ဥတ္တရာဇီဝမထေရ်က သူနှင့် သိဟိုဠ်ကျွန်း လိုက်မလား ဟု စကားဆိုလာသောအခါ သာသနာထွန်းကားသော ပုဂံပြည်တက်ပြီး ကျမ်းဂန်စာပေ သင်ကြားရန် စိတ်ထက်သန်သော ကျွန်ုပ်သည် ပုဂံပြည်၌ သာမက ရေခြားမြေခြား သာသနာတော်ထွန်းကားရာ သိဟိုဠ်ကျွန်းသို့ သွားရမည် ဆိုလာသောကြောင့် စားရကံကြုံ၍ မုတ်ဆိတ်ပျားစွဲလာသော ယင်းမွန်မြတ်သည့် အခွင့်အရေးကြီးကို လက်မလွှတ်တော့ဘဲ "တပည့်တော် အရှင်ဘုရားခေါ်ရာ သိဟိုဠ်ကျွန်းသို့ လိုက်ပါမည်ဘုရား"ဟု ဝန်ခံကတိ ပေးလိုက်သည်။

mgyoe.com

mgyoe.com

ဥတ္တရာဇီဝမထေရ်သည် သူ၏သိဃ်ိုဋ္ဌကျွန်းခရီး၌ ကျွန်ုပ်အား တပည့်ဝတ် ပြုလုပ်စေလိုသည့်အတွက်ကြောင့်လည်းကောင်း၊ သိဃ်ိုဋ္ဌကျွန်းရှိ ပရိယတ္တိ အကျော်အမော် ဆရာတော် သံဃာတော်များထံတွင် ကျမ်းဂန်စာပေ သင်ကြားဆည်းပူးစေလျှင် နောင်တစ်ခေတ် ပုဂံသာသနာ၌ သာသနာတော်အတွက် အကျိုးများမည့် ရဟန်းတော်တစ်ပါး ဖြစ်လာလိမ့်မည်ဟူ၍ မျှော်လင့်ချက်ထားသောကြောင့်လည်းကောင်း ကျွန်ုပ်၏မိဘများနှင့် ဆရာသမားများထံ ခွင့်ပန်လျက် သူ၏သိဃ်ိုဋ္ဌခရီးတွင် ကျွန်ုပ်အား တပည့် ရှင်သာမဏေ တစ်ပါးအဖြစ် ခေါ်လာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ပင်လယ်ကမ်းခြေမှ ထွက်ခွာလာသော ကျွန်ုပ်တို့၏ လှေနာဝါကြီးသည် ပင်လယ်ပြင်တွင် ခရီးနှင်လာခဲ့ရာ ရက်အတော်အတန် ကြာသွားပြီ။ ကျွန်ုပ်တို့၏ လှေနာဝါသည် သိဃ်ိုဋ္ဌကျွန်းဘက် နီးသည်ထက် နီးလာပြီ။ ယနေ့ လှိုင်းလေလျော့ပါးနေသည်ဖြစ်၍ ကျွန်ုပ်တို့၏ ပင်လယ်ခရီးသည် ထိတ်လန့်စိုးရိမ်ရခြင်းမရှိဘဲ အေးချမ်းညင်သာနေသည်။ သို့သော်လည်း ရှေ့နောက်ဝဲယာ မည်သည့်အရပ်မျက်နှာကို ကြည့်လိုက်ကြည့်လိုက် မိုးကုပ်စက်ဝိုင်းနှင့် ပင်လယ်ပြင်ကြီးကိုသာ ကြည့်၍မဆုံး၊ မျှော်၍မဆုံးပင် ရှိနေသေးသည်။ ပင်လယ်ခရီး ထွက်လာစဉ် အချိန်တော်တော်များများ၌ လှေနာဝါပေါ်တွင် တရားနှလုံးသွင်းနေသော ဥတ္တရာဇီဝမထေရ်သည် ပင်လယ်ရေပြင်ထက် တစ်နေရာရောက်လာသောအခါ တရားနှလုံးသွင်းသည့် အလုပ်ကို ခေတ္တဆိုင်းငံ့လျက် အကြောင်းအရာတစ်ခုကို စကားစပ် ပြောသည်။

"ငါ့ရှင် ဆပ္ပဒ၊ ဒီပင်လယ်ရေပြင်နေရာရောက်လာတော့ ရှေး နှစ်ပေါင်းများစွာအလွန်က ဒီရေပြင်မှာ ထူးထူးခြားခြားဖြစ်ပေါ်လာခဲ့ပြီး တစ်ဆင့်စကား တစ်ဆင့်ကြားလာရတဲ့ အဖြစ်အပျက်တစ်ခု ငါ သတိရလာတယ်"

ဆရာအရှင် ဥတ္တရာဇီဝမထေရ်မြတ်က ယင်းသို့ စကားစလိုက်သောအခါ ယခု ကျွန်ုပ်တို့ ပင်လယ်ခရီးနှင်နေသော ပင်လယ်ရေပြင်၌ ဖြစ်ပျက်နေခဲ့သည့် အဖြစ်အပျက်တစ်ခုဆိုသောကြောင့် ကျွန်ုပ်သည် ယင်းအဖြစ်အပျက်ကို သိလိုကြားလိုသောဆန္ဒ ပြင်းပြင်းထန်ထန် ဖြစ်လာသည်။

mgyoe.com

mgyoe.com

"ဘယ်လို အဖြစ်အပျက်မျိုး ဒီရေပြင်ပေါ်မှာ ဖြစ်ပျက်လာခဲ့တာလဲ ဘုရား၊ လှိုင်းလေကြီးပြီး သင်္ဘောပျက်သွားတဲ့အတွက် လှေသင်္ဘောပေါ်မှာ ပါလာတဲ့ ခရီးသည်အားလုံး ပင်လယ်သင်္ချိုင်းမှာ မြှုပ်ပစ်လိုက်ရတဲ့သတင်း လား၊ ဒါမှမဟုတ် ပင်လယ်ခရီးသွားနေတဲ့ လှေသင်္ဘောတစ်စင်း ပင်လယ် ဓားပြတွေ အတိုက်ခံရတဲ့သတင်းလား။ အဲဒီလို အနိဋ္ဌာရုံသတင်းမျိုးကိုတော့ တပည့်တော် မကြားလိုပါဘုရား"

ယင်းသို့ ကျွန်ုပ်က ရေလာမြောင်းပေးလုပ်လိုက်သောအခါ ဥတ္တရာ ဇီဝမထေရ်က သူ၏ စကားကို ဆက်ပြောသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ကြာမြင့်စွာက ဒီပင်လယ်ရေပြင်မှာ မြောက်ဘက်က တောင်ဘက် လှော်ခတ်နေတဲ့ လှေနာဝါတစ်စီးနဲ့ တောင်ဘက်က မြောက်ဘက် လှော်ခတ်နေတဲ့ လှေနာဝါတစ်စီး တိုက်တိုက်ဆိုင်ဆိုင် ဆုံကြ တယ်။ မြောက်ဘက်က တောင်ဘက် လှော်ခတ်နေတဲ့ လှေနာဝါက ဇမ္ဗူဒိပ် ကျွန်းက သိဟိုဠ်ကျွန်းကို ဦးတည်ပြီး ထွက်ခွာလာတဲ့ လှေနာဝါဖြစ်တယ်။ တောင်ဘက်က မြောက်ဘက် ရှေးရှုလှော်ခတ်နေတဲ့ လှေနာဝါက သိဟိုဠ် ကျွန်းက ထွက်လာပြီး ဇမ္ဗူဒိပ်ကျွန်းကို ဦးတည်လှော်ခတ်နေတဲ့ လှေနာဝါ ဖြစ်တယ်"

ကျွန်ုပ်က ဆရာပြောသောစကားကို ဆုံးအောင် မစောင့်နိုင်တော့ဘဲ စကားဦးသမ်းပြီး ပြောလိုက်သည်။

"အဲဒီလှေနှစ်စီး တစ်စီးနဲ့ တစ်စီး တိုက်ကြရောလားဘုရား"

"နေဦးလေ၊ ငါ ပြောတာ စောင့်နားထောင်ပါဦး။ လောမကြီး ချင်ပါနဲ့။ ဘယ်တန်ခိုးရှင်က ဖန်တီးပေးလိုက်တယ် မသိဘူး၊ အဲဒီ လှေနာဝါ ကြီးနှစ်စီးဟာ ပင်လယ်ရေပြင်တစ်နေရာမှာ လာဆုံကြတယ်။ တောင်ဘက် ကလာတဲ့ လှေပေါ်မှာ ရဟန်းတစ်ပါး ပါလာသလို မြောက်ဘက်ကလာတဲ့ လှေပေါ်မှာလည်း ရဟန်းတစ်ပါး ပါလာတယ်။ ရဟန်းနှစ်ပါးဟာ လှေဦး ချင်း မဆိုင်မီ ခပ်လှမ်းလှမ်းကပဲ တစ်ပါးနဲ့တစ်ပါး လှမ်းပြီး အကဲခတ်နေ ကြတယ်။ ပွဲကိုင်များက ကျွမ်းကျင်တဲ့အတွက် တစ်စီးနဲ့ တစ်စီး တိုက်တဲ့ အထိတော့ ရောက်မလာခဲ့ဘူး။ တစ်စီးနဲ့ တစ်စီး ကွေ့ရှောင်ပြီး ဘေးချင်း

mgyoe.com

mgyoe.com


ယှဉ်လိုက်တဲ့အခါ လှေနှစ်စီးပေါ်မှာ ပါလာတဲ့ ရဟန်းနှစ်ပါးဟာ တစ်ပါးနှင့် တစ်ပါး အာလာပသလ္လာပစကား ပြောခွင့်ရသွားကြတယ်။ တောင်ဘက်က လာတဲ့ လှေနာဝါပေါ်မှာ ပါလာတဲ့ ရဟန်းက စကားစပြောတယ်။ ရဟန်းနှစ်ပါးအနက် ထိုရဟန်းက ဝါကြီးပုံရတယ်''

''ဘယ်ကလာလို့ ဘယ်ကိုသွားမလဲ ငါ့ရှင်''

''တပည့်တော် ဇမ္ဗူဒိပ်ကျွန်းက လာခဲ့တာပါ။ သိဟိုဠ်ကျွန်းကို သွားမလို့ပါ။ သိဟိုဠ်ဘာသာနဲ့ ရှိနေတဲ့ ဗုဒ္ဓသာသနာတော်များကို မာဂဓီဘာသာနဲ့ ပြန်ဆိုရေးသားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထွက်လာခဲ့တာပါ''

''ငါလည်း ဒီရည်ရွယ်ချက်နဲ့ဘဲ သိဟိုဠ်ကျွန်းကို သွားခဲ့တယ်။ ဒါပေမဲ့ အသက်အရွယ်ကြီးပြီဖြစ်တဲ့အတွက် ထင်တိုင်း မပေါက်ခဲ့ဘူး။ ငါ၏ ရည်မှန်းချက်မျိုးဖြင့် ငါ့ရှင် သိဟိုဠ်ကျွန်းသို့ သွားမယ်ဆိုတာ ကြားရတဲ့အတွက် ငါ အများကြီးဝမ်းသာတယ်။ ကိုယ့်ရည်ရွယ်ချက် ထမြောက်အောင်မြင်အောင် ကြိုးစားပြီး ဆောင်ရွက်ပါလို့ ငါ တိုက်တွန်းလိုက်ပါတယ်။ တစ်ခု မှာလိုက်ပါရစေဦး။ အဋ္ဌကထာကျမ်းများကို ငါ့ရှင် ရေးသားပြုစုတဲ့အခါ ငါ့ဆီ ပို့ဖြစ်အောင် ပို့ပေးလိုက်ပါ။ ငါ့ရှင်၏ လက်ရာတွေကို ငုံမိအောင် အကျဉ်းရုံးပြီး ငါက အဋ္ဌကထာကျမ်းများကို ထပ်ပြီး ရေးသားလိုပါတယ်''

ဥတ္တရာဇီဝမထေရ်သည် ပင်လယ်ထဲတွင် တောင်နှင့်မြောက် ဆန့်ကျင်ဘက် အရပ်မျက်နှာနှစ်ခုသို့ ရှေးရှုခရီးလွှင့်နေသော လှေနှစ်စင်းအား တိုက် ဆုံခိုက် လှေနှစ်စင်းပေါ်တွင် ပါလာသော ရဟန်းနှစ်ပါး ရတုန်းရခိုက် အခွင့်ကောင်းယူလျက် တစ်ပါးနှင့် တစ်ပါး မိတ်ဆက်စကားပြောကြားကြပုံကို သူ့တပည့် ဆပ္ပဒသာမဏေအား ပြောပြနေသည်။ လှေပေါ်တွင် ပါလာကြသော လူများထဲက ဥတ္တရာဇီဝမထေရ်ပြောပြသော စကားကို စိတ်ပါဝင်စားစွာ နားထောင်သော တစ်ဦးတည်းသော ပုဂ္ဂိုလ်မှာ သူ၏တပည့် ဆပ္ပဒသာမဏေ ဖြစ်သည်။ လှေပေါ်တွင် ပါလာသော ခရီးသွားများနှင့် လှေထိုးသမားများကမူ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြသည်ဖြစ်၍ ဥတ္တရာဇီဝမထေရ် ပြောပြသောစကားကို နားမထောင်အားပေ။ ခရီးသွားကုန်သည်

mgyoe.com

mgyoe.com

များက အရောင်းအဝယ်လုပ်ဖို့ကိစ္စအတွက် ပါလာသော ကုန်ပစ္စည်းများကို အရိပ်တကြည့်ကြည့်နှင့် လုပ်နေကြပြီး လှေထိုးသားများကမူ ရွက်ချခြင်း၊ တက်မကိုင်ခြင်း၊ လှေခတ်ခြင်း စသော လှေနှင့် ပတ်သက်သည့် အလုပ်များကို လုပ်နေကြသည့်အတွက် ဥတ္တရာဇီဝမထေရ်၏ ဟောသောတရားကို မနာအားအောင် ဖြစ်နေကြသည်။ ဥတ္တရာဇီဝမထေရ်က သူ့စကားကို သူ ဆက်သည်။

"ရဟန်းနှစ်ပါး အာလာပသလ္လာပ ပြောလို့မဝမီမှာပဲ လှေနှစ်စင်းဟာ တစ်စင်းနဲ့ တစ်စင်း လွန်သွားကြပြီး တစ်စင်းက တောင်ဘက်ကို လှော်ခတ် သွားတယ်။ ကျန်တစ်စင်းကတော့ မြောက်ဘက် ရှေးရှုသွားတယ်။ တောင်ဘက် လှော်ခတ်သွားတဲ့ လှေပေါ်ပါသွားတဲ့ ရဟန်းက နောက်ပိုင်းမှာ ဗုဒ္ဓတရားဒေသနာတော်ကို ဖွင့်ဆိုရေးသားတဲ့ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ ဖြစ်လာတယ်။ မြောက်ဘက်ကို ရှေးရှုပြီး လှော်ခတ်သွားတဲ့ လှေပေါ်မှာပါသွားတဲ့ ရဟန်းကတော့ နောက်ပိုင်းမှာ ရှင်မဟာဗုဒ္ဓဃောသ လောက် မထင်ရှား မကျော်ကြားပေမယ့် ရှင်မဟာဗုဒ္ဓဃောသလောက် မနည်းရှိုးစွဲလိုက်တဲ့ အဋ္ဌကထာဆရာ ရှင်ဗုဒ္ဓဒတ္တ ဖြစ်တယ်"

ကျွန်ုပ်သည် မိမိ၏ရပ်ရွာ၌ နေစဉ်က ပါဠိကျမ်းဂန်စာပေများကို သင်ကြားနေပြီဖြစ်၍ အဋ္ဌကထာဆရာများဖြစ်သော ရှင်မဟာဗုဒ္ဓဃောသနှင့် ရှင်ဗုဒ္ဓဒတ္တတို့၏ အမည်နာမများနှင့် တရင်းတနှီး ဖြစ်နေသည်။ ရှင်မဟာဗုဒ္ဓဃောသနှင့် ရှင်မဟာဗုဒ္ဓဒတ္တတို့လည်း သီဟိုဠ်ကျွန်းသို့ အသွားအပြန် လုပ်ခဲ့ကြသော ရဟန်းတော်များဖြစ်ခဲ့ကြသည်။ မိမိလည်း ယခု သီဟိုဠ်ကျွန်း ခရီးသည်တစ်ဦး ဖြစ်နေသည်။ ယခု သီဟိုဠ်ကျွန်းသို့အသွား လမ်းခရီးစပ်ကြား ပင်လယ်ရေပြင်တွင်ရှိနေစဉ် ဤပင်လယ်ရေပြင်၌ အဋ္ဌကထာ ဆရာနှစ်ဦး သင်္ဘောနှစ်စင်းပေါ်က တစ်ပါးနှင့်တစ်ပါး လျှပ်တစ်ပြက် ကြုံခိုက်ဆုံခိုက် ဓမ္မကျမ်းဂန်နှင့်ပတ်သက်ပြီး သူတို့၏ရည်မှန်းချက် ပြောပြသွားသည့် စကားကို ဆရာ ဥတ္တရာဇီဝမထေရ်ထံမှ ကြားသိရသောအခါ ကျွန်ုပ်၏ ရည်မှန်းချက်များကို အားပေးအားမြှောက်ပြုလိုက်သလို ဖြစ်သွားသည်။ ကျွန်ုပ်၏ ရည်မှန်းချက်များမှာလည်း သီဟိုဠ်ကျွန်းရောက်သောအခါ သီဟိုဠ်

mgyoe.com

mgyoe.com


ကျွန်းရှိ ပိဋကတ္တပါရဂူ ဆရာအဆူဆူတို့၏ထံတွင် ကျမ်းဂန် ပိဋကတ် နိကာယ်ငါးရပ်ကို တစ်ဖက်ကမ်းခတ်အောင် သင်ကြားဆည်းပူးရန် ဖြစ်သည်။

ကျွန်ုပ်တို့ သီဟိုဠ်ကျွန်း ရောက်လာကြပြီ။ မိမိတို့၏ ပုဂံသာသနာလည်း ထေရဝါဒ ဗုဒ္ဓသာသနာ ဖြစ်သည်။ ထို့ကြောင့် သီဟိုဠ်ကျွန်း၌ ရှင်မဟာမဟိန္ဒ လက်ထက်ကစပြီး အစဉ်အဆက် ဆင်းသက်လာခဲ့သော ထေရဝါဒ သာသနာနွယ်ဝင် မဟာဝိဟာရကျောင်းတိုက်၌သာ တည်းခိုနေထိုင်ကြသည်။ မဟာဝိဟာရကျောင်းတိုက်၌ ရဟန်းသံဃာတော်များကလည်း ပုဂံပြည်မှရောက်လာသော မိမိတို့ အာဂန္တုများအား အရေးတယူ အကူအညီပေးကြသည်။

မိမိတို့ သီဟိုဠ်ကျွန်း၌ရှိနေစဉ်အတွင်း ပုဂံပြည်အတွက် ဂုဏ်တက်စရာ အဖြစ်အပျက်တစ်ခုလည်း ဖြစ်ပျက်ခဲ့သည်။ မိမိတို့ သီဟိုဠ်ကျွန်း မရောက်မီ လွန်ခဲ့သော နှစ်ပေါင်း ၆၀၀ ခန့်ကလည်း ယခုဖြစ်ပျက်သော အဖြစ်အပျက်မျိုးနှင့် တစ်စိတ်တစ်ပိုင်းအားဖြင့် တူညီသော အဖြစ်အပျက် တစ်ခု ဖြစ်ပျက်ခဲ့ဖူးသည်။

မိမိတို့၏ သီဟိုဠ်ကျွန်းခရီး၌ ပင်လယ်ရေပြင်တွင် ဆရာ ဥတ္တရာဇီဝမထေရ်က ပင်လယ်ရေပြင်၌ သီဟိုဠ်ကျွန်းကထွက်ခွာလာသော လှေနာဝါတစ်စီးနှင့် ဇမ္ဗူဒိပ်ကျွန်းက ထွက်ခွာလာသော လှေနာဝါတစ်စီး ဖြစ်တောင့်ဖြစ်ခဲ့ ကြုံတောင့်ကြုံခဲ ဘေးတိုက်ဆုံကြရာဝယ် လှေနာဝါတစ်စင်း၌ ပါလာသော ရဟန်းတော်နှစ်ပါး အာလာပသလ္လာပစကား ဆွေးနွေးကြသည့် အကြောင်းကို ကျွန်ုပ်ကို ပြောပြသည်။ ဥတ္တရာဇီဝမဟာထေရ် ပြောပြသော စကားထဲက သီဟိုဠ်ကျွန်းသို့ ဦးတည်သွားသော လှေနာဝါပေါ်တွင် ပါသွားသော ရဟန်းက ရှင်မဟာဗုဒ္ဓဃောသ ဖြစ်သည်။ ရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်ကျွန်း ရောက်ရှိသွားသည်။ သူ၏ရည်ရွယ်ချက်မှာ ရှေးဟောင်း သီဟိုဠ်ဘာသာဖြင့် ရေးသားထားသော နိကာယ်ငါးရပ် ပိဋကတ်ကျမ်းစာများနှင့် ပတ်သက်သည့်၊ အဋ္ဌကထာကျမ်းစာများနှင့်ပတ်သက်သည့် အဋ္ဌကထာကျမ်းများကို မာဂဓီဘာသာဖြင့် ကူးပြောင်း ရေးသားရန်ဖြစ်သည်။

mgyoe.com

mgyoe.com

ထိုအချိန်က သီဟိုဠ်ကျွန်း၌ရှိသော ပိဋကတ္တပါရဂူ ဆရာအဆူဆူတို့၏ ရှေ့မှောက်၌ သူ၏ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောပြရင်း သူ၏ရည်ရွယ်ချက်အတိုင်း ပြုလုပ်ဆောင်ရွက်ခွင့်ပေးပါရန် တောင်းဆိုသောအခါ သီဟိုဠ်ကျွန်းရှိ ပဏ္ဍိတ်အကျော် ဆရာတော် သံဃာတော်များက ရှင်မဟာဗုဒ္ဓဃောသအား သူ၏ရည်ရွယ်ချက်အတိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်သော အစွမ်းအစ ရှိ မရှိ စုံစမ်းလိုသည့်သဘောဖြင့် ကျမ်းတစ်ကျမ်းရေးပြရန် တောင်းဆိုကြသည်။ ယင်းတောင်းဆိုချက်အရ ရှင်မဟာဗုဒ္ဓဃောသသည်

အန္တောဇဋာ ဗဟိဇဋာ
ဇဋာယ ဇဋိတာပဇာ၊
တံ တံ ဂေါတမ ပုစ္ဆာမိကော
ဣမံ ဝိဇဋယေ ဇဋံ၊
သီလေ ပတိဋ္ဌာယ နရော
သပ္ပညော စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခုသော
ဣမံ ဝိဇဋယေ ဇဋံ။

ဟူသော ဂါထာနှစ်ပုဒ်ကို အကျယ်တဝင့် ဖွင့်ပြထားသော ဝိသုဒ္ဓိမဂ်ကျမ်းကို ရေးပြီး တင်ပြလိုက်သည်။ ယင်းကျမ်းသည် နိကာယ်ငါးရပ် ပိဋကတ်ကျမ်းဂန်များကို အနှစ်ချုပ်ပြီး ရေးသားထားသော ပင်ကိုရေးကျမ်းဖြစ်သောကြောင့် နောက်ပိုင်း၌ ပိဋကတ်စာပေသမိုင်းဝင် အကျော်ကြားဆုံးကျမ်းတစ်ကျမ်း ဖြစ်လာသည်။ သူ ရေးသားတင်ပြသော ဝိသုဒ္ဓိမဂ်ကျမ်းကို လေ့လာဖတ်ရှုရသောအခါ သီဟိုဠ်ကျွန်းရှိ စွယ်စုံပိဋကတ် တတ်မြောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များက ရှင်မဟာဗုဒ္ဓဃောသအား ရှေးဟောင်း သီဟိုဠ်ဘာသာစကားဖြင့် ရေးသားထားသော နိကာယ်ငါးရပ် ကျမ်းမြတ်မဟာများ၏ အဖွင့် အဋ္ဌကထာများကို မာဂဓီဘာသာဖြင့် ကူးပြောင်းရေးမှတ်ခွင့် ပြုလိုက်ကြသည်။

ယင်းခွင့်ပြုချက်အရ ကြိုးပမ်းအားထုတ်တော်မူသော ရှင်မဟာဗုဒ္ဓဃောသ၏ ကျမ်းမြတ်မဟာ အဖွင့်အဋ္ဌကထာကျမ်းများသည် ပိဋကတ်

mgyoe.com

mgyoe.com


စာပေ ဘဏ္ဍာတိုက်ကြီးထဲက အတောက်ပြောင်ဆုံး ရတနာများ ဖြစ်လာကြသည်။ ရှင်မဟာဗုဒ္ဓဃောသလည်း ဗုဒ္ဓသာသနာတော်၌ အဋ္ဌကထာဆရာ အကျော်တစ်ဆူ ဖြစ်လာသည်။

ယခုလည်း ယင်းအဖြစ်အပျက်နှင့် လုံးဝတူညီမှုရှိသည်ဟု ဆိုနိုင်သော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့သည်။ ယခုအဖြစ်အပျက်မှာ ပုဂံပြည်သို့မဟုတ် မြန်မာပြည်အတွက် ဂုဏ်တက်စရာ အဖြစ်အပျက် ဖြစ်နေသည်။

ဥတ္တရာဇီဝမဟာမထေရ်သည် သူနှင့်အတူ ပေပုရပိုက်တစ်ခု ပါလာသည်။ ယင်းပေပုရပိုက်မှာ ပုဂံပြည် အဂ္ဂဝံသမထေရ်ရေးသော သဒ္ဒနီတိကျမ်း ပေပုရပိုက်ဖြစ်သည်။ ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်ကျွန်းရှိ ပညာရှင် ရဟန်းပရိသတ်၏ အလယ်၌ သူ ဆောင်ကြဉ်းလာခဲ့သော သဒ္ဒနီတိပေပုရပိုက်ကို ဖတ်ပြသည်။ ထိုအခါ သီဟိုဠ်ကျွန်း ပညာရှင် ရဟန်းတော်များက ပုဂံပြည်ဖြစ် သဒ္ဒနီတိကျမ်းသည် သီဟိုဠ်ကျွန်းရှိ သဒ္ဒါကျမ်း၊ ဗျာကရဏ်းကျမ်းများထက် သာပါပေသည်ဟု ချီးကျူးထောမနာပြုကြသည်။

ကျွန်ုပ်တို့ သီဟိုဠ်ကျွန်း၌ ရှိနေစဉ် နိုင်ငံနှစ်နိုင်ငံ၏ သာသနာဆက်သွယ်ရေးကို ခိုင်မာတောင့်တင်းစေသည့် အဖြစ်အပျက်တစ်ခုလည်း ဖြစ်ပေါ်လာသည်။ ယင်းအဖြစ်အပျက်၏ ကာယကံရှင်မှာ ကျွန်ုပ်ပင်ဖြစ်သည်။ ကျွန်ုပ်သည် မိမိ၏ဇာတိရပ်ရွာ၌ရှိနေစဉ်ကပင် အသက် ၂၀ ပြည့်နေပြီ။ အသက် ၂၀ ပြည့်သော ရှင်သာမဏေသည် သာသနာတော်အတွင်း၌ ပဥ္စင်းအဆင့်သို့ တက်လှမ်းကူးပြောင်းနိုင်ခွင့်ရှိသည်။ ဝိနည်းဒေသနာတော်အရ ယင်းသို့ ခွင့်ပြုချက်ရှိသဖြင့် သီဟိုဠ်ကျွန်းသို့ ရောက်နေသော မိမိအား ဆရာဖြစ်သူ ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်ကျွန်း၌ ဥပသမ္ပဒကံဆောင်ပြီး ပဥ္စင်းဘဝသို့ တက်လှမ်းစေလိုသည့် အာသီသရှိသောကြောင့် သီဟိုဠ်ကျွန်းရှိ ထေရ်သံဃာများနှင့် တိုင်ပင်ဆွေးနွေးပြီးလျှင် ဥဒကုက္ခေပရေသိမ်၌ ပဥ္စင်းခံပေးရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ဥတ္တရာဇီဝမထေရ်သည် အသက်၂၀ ပြည့်နေပြီ ဖြစ်သော မိမိအား သီဟိုဠ်ကျွန်းသို့ ခေါ်ဆောင်လာခြင်း၌ ယင်းကဲ့သို့ မိမိအား သီဟိုဠ်ကျွန်း၌ သီဟိုဠ်သာသနာအနွယ်ဝင် ရဟန်းတစ်ပါးဖြစ်စေလိုသည့် ရည်မှန်းချက်တစ်ခုလည်း ရှိလာခဲ့ပုံရသည်။

mgyoe.com

mgyoe.com


လင်္ကာဒီပ သိဃ်ိုင်ငံကျွန်း၌ ကလျာဏီအမည်ရှိ မြစ်တစ်စင်းရှိသည်။ ကလျာဏီမြစ်ဝ၌တည်နေသော မြို့၏အမည်မှာလည်း မြစ်ကိုစွဲ၍ ကလျာဏီမြို့ သို့မဟုတ် ကလျာဏီတိုင်းဟူ၍ အမည်တွင်နေသည်။ အစဉ်အလာပြောဆိုလာခဲ့ကြသည့် ဆိုရိုးစကားအရ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၈ နှစ်အကြာတွင် ဗုဒ္ဓရှင်တော်ဘုရားသည် ကဆုန်လပြည့်ကျော် ၂ ရက်နေ့၌ ရဟန်း ၅၀၀ နှင့် အတူတကွ ကလျာဏီဒေသသို့ ကြွလာတော်မူသည်။ ရှင်တော်မြတ်ဘုရား သီတင်းသုံးနေထိုင်သွားတော်မူသည့် နေရာ၌ ကလျာဏီစေတီအမည်ရှိ စေတီတော်ကြီးတစ်ဆူ ကိုးကွယ်တည်ထားသည်။

ကလျာဏီစေတီနှင့်ကပ်လျက် ကလျာဏီဝိဟာရအမည်ရှိ ကျောင်းတိုက် တစ်တိုက်ရှိသည်။ ယင်းကျောင်းတိုက်ကြီးသည် ရှေးအစဉ်အဆက်ကစ၍ ထင်ပေါ်ကျော်ကြားသော သံဃာတော်အရှင်မြတ်များ သီတင်းသုံးနေထိုင်လာခဲ့သည့် ကျောင်းတိုက်ကြီးဖြစ်သည်။ လင်္ကာဒီပသာသနာဝင်၌ ပထဝီမြေကြီးကို လှုပ်အောင်စွမ်းနိုင်သောကြောင့် ပထဝီစာလကဟုတွင်သော ဓမ္မဂုတ္တမထေရ်နှင့် ရဟန်း ၅၀၀ တို့သည် ကလျာဏီဝိဟာရ၌ သီတင်းသုံးခဲ့ကြသည်။

ကလျာဏီတိုင်း၌ ရှေးခေတ်တစ်ချိန်က ကလျာဏီတိဿဘုရင် မင်းကြီးသည် သမိုင်းနောက်ကြောင်း ရှိနေသည်။

အချိန်ရာသီမဟုတ်ဘဲနှင့် မုန်တိုင်းထန်လာသည်။ မုန်တိုင်းနှင့် ကပ်ပါလာသည့် ကလျာဏီမြစ်ထဲက လှိုင်းလုံးကြီးများသည် သတ္တဝါကြီးများပမာ ပင်လယ်ကမ်းခြေကို ကျော်တက်လာပြီးလျှင် သစ်ပင်များနှင့် လူနေအိမ်ခြေများကို ဝါးမျိုပစ်လိုက်ကြသည်။ တဝုန်းဝုန်း တဝေါဝေါနှင့် အရှိန်အဟုန်ပြင်းစွာ တလိမ့်လိမ့်တက်လာသည့် လှိုင်းလုံးကြီးများထဲတွင် သစ်ပင်ကြီးများသည် အမြစ်ကျွတ်ထွက်လျက် မျောပါကုန်ကြသည်။ အခိုင်အခံ့ဆောက်လုပ်ထားကြသည့် လူနေအိမ်ခြေများမှာ တရိပ်ရိပ် တက်လာသည့် ရေထုအောက်၌ မြုပ်နစ်သွားကြပြီး အခြေမခိုင်သည့် တဲအိမ်များမှာမူ ရေစီးကြောင်း၏ သယ်ဆောင်ရာ မျောပါသွားကုန်ကြသည်။

mgyoe.com

mgyoe.com


မမျှော်လင့်ဘဲ ဖြစ်ပေါ်လာသည့် ဘေးဒုက္ခကြီးထဲတွင် ပြည်သူ ပြည်သားများသည် ကယ်ပါယူပါ တစာစာဟစ်ကြွေးလျက် ဦးတည်ရာ ပြေးလွှားနေကြသည်။ အစပထမတွင် တိုင်းပြည်၏ အစွန်အနား ဇနပုဒ်များကို ဝါးမျိုပြီးလျှင် ခရီးမရပ်မနားဘဲ ဆက်လက်တက်လာရာ အရံအတား အမျိုးမျိုးလုပ်ပြီး မည်သို့ပင် တားဆီးပိတ်ပင်သော်လည်း တားဆီးပိတ်ပင်၍ မရဘဲ တစ်စတစ်စနှင့် ကလျာဏီ မြို့စွန်မြို့နားအထိပင် ကပ်လာလေပြီ။

တိုင်းပြည်တွင် ဘေးဥပါဒ် ကျရောက်လာလျှင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူ၏ တာဝန်မကင်းဟု အယူရှိသည်။ ဘုရင်လုပ်သူ တရားနှင့် အညီ မအုပ်ချုပ်လျှင် တိုင်းပြည်တွင် ရာသီဥတု ဖောက်ပြန်တတ်သည်။ ဘုရင် အမှားအယွင်းတစ်ခုခု ပြုလုပ်ကျူးလွန်မိပါကလည်း တိုင်းပြည်တွင် ကပ်ဆိုက်လာတတ်သည်။ ယင်းသို့ အယူအစွဲရှိကြသော ပြည်သူပြည်သားများသည် သူတို့၏ဘုရင် မည်သည့်အမှားအယွင်း ပြုလုပ်သနည်း ဟူ၍ လေ့လာဆန်းစစ်ကြည့်ကြသည်။ သူတို့၏ဘုရင်သည် ပြည်သူပြည်သားများ အပေါ် တရားနှင့်ညီစွာ စိုးမိုးအုပ်ချုပ်သည်။ ဘာသာတရားကို ကြည်ညို ကိုင်းရှိုင်းပြီး စေတီပုထိုးများ ကိုးကွယ်တည်ထားသည်များလည်း ပြည်သူ အများ မျက်မြင် ကိုယ်တွေ့ဖြစ်သည်။ သို့သော် သူတို့၏ဘုရင်သည် ဒေါသ အလိုလိုက်ပြီး စိတ်လိုက်မာန်ပါ လုပ်တတ်သည်။ ဘုရင်သည်မကြာသေးသော အချိန်ကာလက ဒေါသရှေ့ထားသောကြောင့် အမှန်အမှား ခွဲခြား သိနိုင်စွမ်းမရှိသည့် အခြေအနေရောက်သွားပြီးလျှင် ပြင်၍မရသော အလွန် တရာကြီးမားသည့် အမှားအယွင်းတစ်ခုကို ကျူးလွန်ပြုလုပ်ခဲ့သည်။

ဤနည်းဤပုံ လှိုင်းလုံးကြီးများ တိုင်းပြည်အတွင်း ဒလဟော စီးဝင်နေပါက မကြာမီ ကလျာဏီတစ်ပြည်လုံး ပင်လယ်အောက် ရောက်ရတော့မည်။ တစ်နည်းတစ်ဖုံ ကြံမှ သင့်တော့မည်။ ပြည်သူတို့သည် မိမိတို့၏ အရှင်သခင် ဘုရင်ကြီးအား တိုင်တည်ရန် နန်းတော်တွင်းသို့ ချဉ်းကပ်လာကြသည်။ မှူးမတ်များမှတစ်ဆင့် ဘုရင်ကြီးအား အကျိုးအကြောင်း ပြောကြားကြသည်။ မှူးမတ်များ၏ လျှောက်တင်ချက်အရ ဘုရင်ကြီးသည် အခြေအနေကို ကိုယ်တိုင်ကိုယ်ကျ လေ့လာကြည့်သောအခါ အကြီးအကျယ်

mgyoe.com

mgyoe.com

ထိတ်လန့် တုန်လှုပ်သွားသည်။ ပညာရှိ သုခမိန်များအား ဆင့်ခေါ်ပြီးလျှင် တိုင်းပြည်နိုင်ငံ ဘေးဥပါဒ်ကင်းဝေးစေရန် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို မေးမြန်းစုံစမ်းကြည့်သည်။ ပညာရှိသုခမိန်များထဲက ရှေးမီနောက်မီ အမြော်အမြင်နှင့်ပြည့်စုံသူ ပုဂ္ဂိုလ်များက ဘုရင်မင်းကြီးအား အကြံဉာဏ်ပေးကြသည်။

"အရှင်မင်းကြီး၊ ယခုကဲ့သို့ ပင်လယ်သမုဒ္ဒရာထဲက လှိုင်းတံပိုးကြီးများ တက်လာပြီး တစ်ပြည်လုံးကို လွှမ်းတော့မည့်ပုံဖြစ်လာခြင်းမှာ ပင်လယ်နတ် ရန်ငြိုးထားသည့်အတွက်ကြောင့် ဖြစ်သည်။ ပင်လယ်နတ် အမျက်ပြေသွားစေရန် ပင်လယ်နတ်ကို ပူဇော်ပသရလိမ့်မည်။ ပင်လယ်နတ်ကို ပူဇော်ပသဖို့ရန်အတွက် အကောင်းဆုံးသော ပစ္စည်းဝတ္ထုမှာ အရှင်မင်းကြီး၏ တစ်ဦးတည်းသော သမီးရတနာဖြစ်ပေ၏"

သုခမိန်အမတ်ကြီးများက မညာမထောက် ရဲရဲဝံ့ဝံ့ လျှောက်ထားပြောပြလိုက်သောအခါ ဘုရင်ကြီး ဘေးကျပ်နံကျပ် ဖြစ်သွားသည်။ တစ်ဖက်က မိမိကျူးလွန်ထားသည့် မိုက်ပြစ်ကြောင့် တစ်တိုင်းတစ်ပြည်လုံး ရေအဏ္ဏဝါအောက်တွင် ပျောက်ခြင်းမလှ ပျောက်သွားရမည့်ကိန်း ဆိုက်နေသည်။ တစ်ခြားတစ်ဘက်၌မူ မိမိ၏ ချစ်မငြီးသည့် တစ်ဦးတည်းသော သမီးကညာကို အကြင်နာမဖက်ဘဲ ပင်လယ်နတ်အား ပူဇော်ပသရမည့် အခြေအအနေ ဖြစ်လာသည်။ ထုထည်ကြီးမားသော အုတ်နံရံကြီးနှစ်ခု ညှပ်ပြီး မလှုပ်သာ မလှည့်သာဖြစ်နေသော ဘုရင်မင်းကြီးသည် အဆင်ခြင်အစဉ်းစားမဖက်ဘဲ စိတ်လိုက်မာန်ပါ ပြုလုပ်ကျူးလွန်မိသည့် ပြစ်မှုကြီးအတွက် သတိသံဝေဂ နောင်တကြီးစွာ ရနေသည်။ သို့သော် ယင်းသို့ နောင်တ တစ်ဖန် ပူပန်နေ၍ မပြီးသေး၊ ဘုရင်မင်းကြီးအတွက် လမ်းတစ်လမ်းကို ရွေးရတော့မည်။ တိုင်းပြည်တစ်ပြည်လုံးကို ပင်လယ်နတ်အား ကျွေးမည်လော သို့တည်းမဟုတ် မိမိချစ်သမီးကို စတေးမည်လော။ ဘုရင်မင်းကြီးသည် မိမိကျူးလွန်ထားသည့် အပြစ်ကြောင့် မိမိပင် အနစ်နာခံတော့မည်ဟူ၍ ဆုံးဖြတ်လိုက်သည်။ မိမိကျူးလွန်ထားသည့်အပြစ် ပြေလို

mgyoe.com

mgyoe.com



ပြေပြေား တန်ဖိုးကြီးစွာပေးလျက် တိုင်းပြည်ကို ကယ်တင်မည်ဟု ပိုင်းဖြတ်လိုက်သည်။

"သမီးတော်၊ တိုင်းပြည်ကြီး ကံဆိုးမိုးမှောင် ကျနေသည်ဆိုသည့်သတင်းကို သမီးတော်လည်း သိပြီးဖြစ်၏။ ပညာရှိသုခမိန်များ၏ အကြံဉာဏ်ပေးချက်အရ သမီးတော်ကို ပင်လယ်နတ်အား ပူဇော်ပသလျှင် တစ်တိုင်းပြည်လုံး ဘေးဒုက္ခကင်းဝေးသွားလိမ့်မည်ဟု သိရ၏။ သမီးတော်ကသာ လက်ခံမည်ဆိုလျှင် သမီးတော်ကို ပင်လယ်နတ်အား ပူဇော်ပသလိုပါ၏"

✣

ရွှေလှေတစ်စင်း ပင်လယ်ထဲမျှောသွားသည်။

လှေပေါ်တွင်ကား ရွှေမင်းသမီး။

ကလျာဏီတိဿ ဘုရင်မင်းကြီးသည် ရွှေလှေတစ်စင်းပြုလုပ်ပြီးလျှင် သမီးတော်ကို အမွှေးနံ့သာ ခြယ်သ၍လည်းကောင်း၊ လက်ဝတ်ရတနာ တန်ဆာအပြည့် ဆင်၍လည်းကောင်း၊ ရွှေလှေပေါ်တင်လျက် ပင်လယ်ထဲ မျှောလိုက်သည်။ ရွှေလှေတွင် "ဤရွှေလှေပေါ်တွင် စီးနင်းလိုက်ပါလာသူသည် ကလျာဏီတိဿ ဘုရင့်သမီးတော်ဖြစ်၏။ သမီးတော်သည် သူ့ခမည်းတော်၏ အပြစ် ပပျောက်ကင်းစင်သွားစေရန်အတွက် သူကိုယ်တိုင် ပင်လယ်နတ်အား ပူဇော်ပသ၏" ဟူ၍ စာကမ္ပည်း ရေးထိုးထားသည်။

သမီးတော်ကို ရွှေလှေပေါ်တင်ပြီး ပင်လယ်ထဲမျှောသည့်အချိန်၌ သမီးတော်ကို ပင်လယ်နတ်အား ပသသည့် ပူဇော်ပသပွဲသို့ လာကြည့်ကြသည့် မြို့သူမြို့သားများမှာ ကမ်းလုံးညွတ်မျှ ရှိနေကြသည်။ အားလုံးပင် စုတ်တသပ်သပ်၊ ရင်တမမနှင့် သမီးတော် ဘေးရန်မခစေရန် ဆုမွန်တောင်းကြသည်။ ဘုရင်မင်းကြီးသည် ရွှေလှေပေါ်တွင် မျောပါသွားသည့် သမီးတော်ကို မျက်စိတစ်ဆုံး ငေးမျှော်ကြည့်ရင်း မျက်ရည်ပေါက်ပေါက် စီးကျလာသည်။

mgyoe.com

mgyoe.com


ရွှေလှေကားလေးသည် ပရိသတ်၏မြင်ကွင်း၌ တဖြည်းဖြည်း ဝေးသွား ပြီးလျှင်၊ တဖြည်းဖြည်း သေသွားပြီးလျှင် နောက်ဆုံး၌ လုံးဝ ပျောက်ကွယ်သွားသည်။

အကြောင်းတိုက်ဆိုင်၍လား သို့မဟုတ် ပင်လယ်နတ် အမျက်ပြေ သွား၍လား မသိ။ သမီးတော်ကို သယ်ဆောင်သွားသည့် ရွှေလှေ ကမ်းမှ ခွာသည်နှင့် တစ်ပြိုင်နက် တဝုန်းဝုန်းနှင့် မာန်ဖီနေသည့် လှိုင်းလုံးကြီးများ သည် ငြိမ်ကျသွားသည်။ ပါးပျဉ်းထောင်ပြီး တရှူးရှူး တရှဲရှဲဖြစ်နေသည့် မြွေဆိုးသည် ပါးပျဉ်းကိုချပြီး တွင်းထဲ အသာဝင်သွားသကဲ့သို့ ဒေါသထန် ပြင်းနေသည့် လှိုင်းလုံးကြီးများသည် ဒေါမာန် ပြေပျောက်သွားပြီးလျှင် ပင်လယ်တွင်းသို့ ပြန်လည် ဆုတ်ခွာသွားကြသည်။

လှိုင်းပေါ်၌ တငြိမ့်ငြိမ့်စီးနေသည့် ဟင်္သာငှက်ပမာ ရွှေလှေကလေး သည် ပင်လယ်လှိုင်းများပေါ်၌ ကငြိမ့်ငြိမ့်နှင့် မျောနေသည်။ လှိုင်းလုံးများ သည် ရွှေလှေမျောပါသွားရုံ အနေတော်မျှသာ စီးဆင်းနေသဖြင့် ရွှေလှေ ကလေးသည် အဏ္ဏဝါရေပြင်ထဲ မြုပ်နစ်မသွားသည့်အပြင် ရေလှိုင်းသည် ရွှေလှေပေါ်တွင် ပါလာသည့် သမီးတော်၏ ခြေဖျားများကိုပင် လာရောက် မထိပေ။ ညင်သာသော လေပြည်လေညင်းသည် ရွှေလှေကလေးကို တောင် ဘက်စူးစူးသို့ ဆွဲဆောင်သွားသည်။ တဖြည်းဖြည်း နေရောင်ခြည်ပျောက် ကွယ်ပြီး မှောင်ရိပ်သမ်းလာသည်။ တစ်ခဲနက် မည်းနက်နေသော မိုးသား တိမ်လိပ်များ အုံ့ဆိုင်းညို့မှိုင်းနေစဉ်က ကလျာဏီပြည်ကြီး ကံဆိုးမိုးမှောင် ကျနေသည်ကို မကြည့်ရက် မရှုရက်သဖြင့် တိမ်တိုက်၏ နောက်ဘက်၌ ဖုံးကွယ်နေသော လမင်းသည် ပင်လယ်ပြင်ကို မရဲတရဲ အသာ ခေါင်းပြူ ကြည့်လိုက်သည်။

ပင်လယ်ပြင်၌ ရွှေလှေကလေး တရွေ့ရွေ့မျောနေသည်ကို တွေ့ရ သည့်အခါ လမင်းသည် တိမ်တိုက်တွင်းမှ လွတ်လွတ်ကျွတ်ကျွတ် ထွက်လာ ပြီး ရွှေလှေကလေးနှင့် ရွှေမင်းသမီးကို ပြုံးပြီးကြည့်နေသည်။ အဏ္ဏဝါရေ ပြင်တစ်ခုလုံး လရောင်လွှမ်းသွားသည်။ လှိုင်းများ စီးဆင်းရွေ့လျားနေကြ

mgyoe.com

သည်မှာလည်း သိမ်မွေ့ညင်သာလှသည်။ အဏ္ဏဝါရေပြင်ကျယ်ကြီးသည် ငွေရောင်လွှမ်းနေသည့် ရေကန်ကြီးတစ်ကန်ပမာ ထင်နေရသည်။ ရေစီးသံကလေးများမှာလည်း တူရိယာဂီတသံသဖွယ် ဖြစ်နေသည်။

ပတ်ဝန်းကျင်မှာ အထူးပင် သာယာကြည်နူးဖွယ် ဖြစ်နေသည်။ ညင်သာသော လှိုင်းကလေးများကြောင့် တငြိမ့်ငြိမ့်ဖြစ်နေသည့် ရွှေလှေကလေးသည် သမီးတော်အား ပုခက်လွှဲပေးနေသကဲ့သို့ ဖြစ်နေသည်။ တူရိယာ ဂီတသံနှင့်တူသော ရေစီးသံကလေးများကလည်း သမီးတော်အား ချော့သိပ်နေသကဲ့သို့ ဖြစ်နေသည်။ သမီးတော်သည် ရွှေလှေပေါ်၌ ငိုက်မြည်းလာပြီးလျှင် မကြာမီ အိပ်ပျော်သွားသည်။

နံနက်မိုးသောက် အလင်းရောက်လာပြီ။ လှိုင်းလေမှာ ငြိမ်သက်မြဲငြိမ်သက်နေသည်။ ရွှေလှေကလေးသည် ရေဟုဏပြည့်ရှင် ဘုရင်ကာကဝဏ္ဏတိဿ၏ ရေပိုင်နက်အတွင်း ရောက်လာသည်။ သမီးတော်မှာ အိပ်ရာမှ မနိုးသေးပေ။ ဘုရင်ပွဲတော်တည်ရန် ပင်လယ်ထဲ ငါးဖမ်းထွက်လာကြသည့် ဘုရင့်တံငါလှေများသည် ရွှေလှေကလေးကို တွေ့ကြသည်။ ရွှေလှေပေါ်က သမီးတော်နှင့် ရွှေလှေတွင် ရေးထိုးထားသည့် ကမ္ပည်းစာကို တွေ့ကြသည့်အခါ တံငါသည်များ အကြီးအကျယ် အံ့သြသွားကြသည်။ သို့သော်လည်း တံငါသည်များသည် ရွှေလှေကိုလည်းကောင်း၊ ရွှေမင်းသမီးကိုလည်းကောင်း မတို့ရဲ၊ မထိရဲကြပေ။ ကမ်းသို့ အလျင်အမြန် လှော်ခတ်ပြန်သွားကြပြီးလျှင် သူတို့၏ အရှင်ဘုရင်မင်းကြီးအား အကျိုးအကြောင်း ပြောပြသည်။

ဘုရင်မင်းကြီးသည် ကမ်းစပ်သို့ ရောက်လာပြီးလျှင် ဘုရင့်လှေတော်များကို စေလွှတ်လျက် ရွှေလှေကလေးကို ကမ်းသို့ဆောင်ကြဉ်းလာစေသည်။ ရွှေလှေကလေး ကမ်းကပ်လာသောအခါ အလွန်တရာ ရုပ်ရည်လှပသည့် ဘုရင့်သမီးတော်နှင့် ရွှေလှေတွင် ရေးထိုးထားသည့် စာကို တွေ့ရသဖြင့် ဘုရင်မင်းကြီးသည် ဝမ်းလည်းသာ၊ အံ့အားလည်း သင့်သွားသည်။ သမီးတော်၏မျက်နှာကို မြင်လျှင်မြင်ချင်း မေတ္တာသက်ဝင် တိမ်းညွတ်သွားသည်။ ထိုခဏ၌ပင် သမီးတော်အား မိဖုရားမြှောက်မည်ဟူ၍ ဆုံးဖြတ်လိုက်သည်။

mgyoe.com

mgyoe.com

ရွှေလှေကလေး ကမ်းကပ်လာသောအခါ သမီးတော်လည်း အိပ်ရာက နိုးလာသည်။

သမီးတော်သည် ဘုရင် ကာကဝဏ္ဏတိဿအား ငေးကြည့်ပြီးလျှင် သူ့အဖြစ်ကို အိပ်မက်လေလား၊ တကယ်လားဟု ယုံမှားသံသယဖြစ်နေမိသည်။ ဘုရင် ကာကဝဏ္ဏတိဿသည် အချိန်ဆိုင်းမနေတော့။ ထိုခဏ ထိုနေရာ၌ပင် သမီးတော်၏လက်ပေါ်သို့ သန့်စင်သည့် ရေစင် ဖျန်းပက်လောင်းချလျက် မိဖုရားမြှောက်လိုက်လေသည်။ သမီးတော်၏ ရွှေလှေ ကမ်းကပ်သည့်နေရာ၌ ဘုရင်မင်းကြီးက သမီးတော် အထိမ်းအမှတ်အဖြစ် ကျောင်း တော်တစ်ဆောင် ဆောက်လုပ် လှူဒါန်းထားလိုက်လေသည်။ ထို့ကြောင့် သမီးတော်၏ အမည်နာမမှာ "ဝိဟာရဒေဝီ"ဟူ၍ တွင်နေသည်။ ဝိဟာရဒေဝီ မိဖုရားကြီးသည် နောင်သောအခါ၌ လင်္ကာဒီပသီဟိုဠ်ကျွန်း သမိုင်း၌ အထင်အရှား အကျော်ကြားဆုံး ဘုရင်တစ်ပါးဖြစ်သော ဒုဋ္ဌဂါမဏိ မင်းကြီး၏ မယ်တော်ဖြစ်လာသည်။

✤

ယင်းကဲ့သို့ သမိုင်းနောက်ခံရှိနေသော ကလျာဏီမြစ်ဆိပ် ဥဒကုက္ခေပ ရေသိမ်၌ သီဟိုဠ်ကျွန်းရှိ ရဟန်းသံဃာတော်များသည် ဥပသမ္ပဒကံဆောင်လေ့ ရှိကြသည်။ ကျွန်ုပ်ကိုလည်း ယင်းကလျာဏီမြစ်ဆိပ် ဥဒကုက္ခေပ ရေသိမ်၌ပင် ကျွန်ုပ်၏ဆရာ ဥတ္တရာဇီဝမထေရ်နှင့် သီဟိုဠ်ကျွန်းရှိ ရဟန်းသံဃာတော်များ ပူးပေါင်းလျက် ပဉ္စင်းခံပေးကြသည်။ ကျွန်ုပ်အား ဥတ္တရာဇီဝမထေရ်နှင့် သီဟိုဠ်ရဟန်းသံဃာတော်များ ပူးပေါင်းလျက် ဥတ္တိကမ္မဝါစာ ဖတ်၍ ရဟန်းဘောင်အတွင်း သွတ်သွင်းချိန်၌ ကျွန်ုပ်သည် ဝေသာလီပြည်ရှိ မင်္ဂလာပေါက္ခရဏီရေကန်တော်မှ ရေဖြင့် အဘိသိက်သွန်းလောင်းပြီး တင်မြှောက်သကဲ့သို့ မိမိလည်း ကလျာဏီမြစ်ဆိပ်ရှိ ဥဒကုက္ခေပ ရေသိမ်က မင်္ဂလာရေစင်နှင့် ထိတွေ့ရသောအခါ လင်္ကာဒီပ သာသနာ့အနွယ်ဝင်အဖြစ် အဘိသိက်သွန်းလောင်းခြင်း ခံရသည်ဟု ထင်မှတ်သွားမိသည်။ တစ်ပြိုင်တည်းမှာပင် ကလျာဏီမြစ်ဆိပ်ရှိ ဥဒကုက္ခေပရေသိမ်၌ ကျင်းပ

mgyoe.com

mgyoe.com

ပြုလုပ်သော မိမိ၏ဥပသမ္ပဒကံဆောင်ပွဲသည် လင်္ကာဒီပသာသနာနှင့် ပုဂံပြည် သာသနာဆက်ဆံရေးကို ခိုင်မာအားရှိသွားအောင် ချည်နှောင်လိုက်သော သံကွင်းဆက်ကြိုးကြီးသဖွယ်ဖြစ်သည်ဟုလည်း ထင်မှတ်သွားသည်။

ဥတ္တရာဇီဝမထေရ်သည် သိဃ်ိုဋ္ဌကျွန်း၌ရှိနေစဉ် အတောအတွင်း သိဃ်ိုဋ္ဌရဟန်းတော်များ၏ အလယ်၌ ပုဂံပြည်မှ ဆောင်ကြဉ်းလာခဲ့သော အဂ္ဂဝံသမထေရ် ရေးသားပြုစုသည့် သဒ္ဒနီတိကျမ်းကို ဖတ်ပြခြင်း၊ ပုဂံသာသနာ၏အခြေအနေကို သိဃ်ိုဋ္ဌကျွန်းရှိ ရဟန်းတော်များ သိရှိနားလည်သွားအောင် ရှင်းလင်းပြောပြခြင်း စသော ပုဂံပြည်အတွက် ဂုဏ်တက်စရာ အလုပ်များကိုလည်း ပြုလုပ်ဆောင်ရွက်ပြီးပြီ။ ကျွန်ုပ်အား ကလျာဏီမြစ်ဆိပ်၊ ဥဒကုက္ခေပသိမ်၌ သိဃ်ိုဋ္ဌကျွန်းရှိ ရဟန်းသံဃာတော်များနှင့် ပူးပေါင်းလျက် ပဉ္စင်းခံပေးခြင်းစသော နိုင်ငံနှစ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် သာသနာ ဆက်သွယ်ရေး ခိုင်မြဲသွားစေမည့် အလုပ်များကိုလည်း ပြုလုပ်ဆောင်ရွက်ပြီးပြီ။ လင်္ကာဒီပ သိဃ်ိုဋ္ဌကျွန်းရှိ ဘုရားပုထိုးစသော သာသနာ့ အဆောက်အအုံများကိုလည်း အနှံ့သွားရောက်ဖူးပြီးလေပြီ။ ပုဂံပြည်ရှိ သူ၏ ထမ်းဆောင်ဆဲဖြစ်သော သာသနာတော် ဝန်ထုပ်ဝန်ပိုးကြီးကလည်း သူ့ကို ပြန်ခေါ်နေပြီ။ ထို့ကြောင့် တစ်နေ့သောအခါ၌ ဆရာအရှင်မြတ် ဥတ္တရာဇီဝ မထေရ်က ကျွန်ုပ်ကို စကားဆိုလေသည်။

"ငါ့ရှင်ဆပ္ပဒကို သိဃ်ိုဋ္ဌကျွန်းခေါ်လာတဲ့ ရည်ရွယ်ချက်တချို့တော့ အကောင်အထည် ဖော်ပြီးသွားပြီ။ ကျန်တဲ့ရည်မှန်းချက်တချို့ကို အကောင်အထည်ဖော်ဖို့အတွက် ငါ့ရှင်ဆပ္ပဒ၏ ပခုံးပေါ် တာဝန်လွှဲခဲ့မယ်။ ငါ့အတွက်တော့ ပုဂံပြည် ပြန်ကြွချိန်ရောက်လာပြီ။ ငါ့ရှင်ကို လင်္ကာဒီပ သိဃ်ိုဋ္ဌကျွန်းမှာ ထားခဲ့မည်။ ငါ့ရှင် ဒီမှာ နေရစ်ခဲ့ရမည်။ ငါနှင့် ငါ့ရှင်တို့ ရောက်လာတဲ့ ယခုအချိန်ဟာ သိဃ်ိုဋ္ဌကျွန်းမှာ သာသနာတော် ထွန်းကားချိန်ဖြစ်ပြီး နိကာယ်ငါးရပ် ပိဋကတ်ကျမ်းဂန်ကို ထုံးလိုချေ ရေလိုနှောက်နိုင်တဲ့ ရဟန်းသံဃာတော်များ ထွန်းကား ပေါ်ပေါက်နေတဲ့အချိန်လည်း ဖြစ်တယ်။ ငါ့ရှင်ဆပ္ပဒလည်း သိပြီးဖြစ်လိမ့်မည်။ သိဃ်ိုဋ္ဌကျွန်း၏ ယခုအချိန်ဟာ ဋီကာခေတ်လို့ ဆိုရလောက်အောင် သိဃ်ိုဋ္ဌကျွန်းရှိ နိကာယ်ငါးရပ် ပိဋကတ်

mgyoe.com

mgyoe.com

အကျော်အမော် ပညာရှင် ရဟန်းတော်များက နိကာယ်ငါးရပ် ပိဋကတ် ကျမ်းဂန်များ၏ အဖွင့်ဋီကာ၊ အနုဋီကာများကို ရေးသားပြုစုနေတဲ့အချိန် လည်း ဖြစ်တယ်။ ငါ့ရှင် ဆပ္ပဒ၊ သိဟိုဠ်ကျွန်းမှာ အဲဒီပညာရှင်ရဟန်းတော် များဆီက နိကာယ်ငါးရပ် ပိဋကတ်နှင့် ပတ်သက်ပြီး လိုနေသေးသည်ဟု မရှိလောက်အောင် စိတ်တိုင်းကျ ဆည်းပူးလေ့လာရမည်။ ပညာမစုံသေး သရွေ့ မိမိ အမိတိုင်းပြည်ဘက် ခြေဦးမလှည့်ပါနှင့်။ ပညာစုံမှ နေရပ်ပြန်ဖို့ စိတ်ကူးပါ"

ကျွန်ုပ်သည် ဆရာအရှင် ဥတ္တရာဇီဝမထေရ်၏ မိန့်မှာချက်ကို 'အာမ ဘန္တေ' ခံလိုက်သည်။

နေ့ရက်အတန်ကြာမှသာ သင်္ဘောကြုံကို စောင့်လိုက်ရသည်။ ပုဂံ ပြည်သို့ သွားမည့် သင်္ဘောကြုံ ကမ်းကခွာမည့်နေ့ရက် ရောက်လာသည်။ ကျွန်ုပ်နှင့် သီတင်းသုံးဖော်အချို့သည် ဥတ္တရာဇီဝမဟာထေရ်အား ဇမ္ဗူ ကောလပတ္တန သင်္ဘောဆိပ်သို့ လိုက်ပို့ကြသည်။ ဆရာ ဥတ္တရာဇီဝမထေရ် သည် လှေနာဝါပေါ်မတက်ခင် ကျွန်ုပ်အား သူ၏လိုလားချက်များကို တစ်ဖန် ထပ်ပြီး မိန့်မှာသည်။ ကျွန်ုပ်ကလည်း ဆရာလိုလားသည့်အတိုင်း မပျက် မကွက် ဆောင်ရွက်ပါမည်ဟု ကတိပေးလိုက်သည်။

ဥတ္တရာဇီဝမထေရ်ကို တင်ဆောင်သွားသော လှေနာဝါသည် ကမ်းက ခွာသွားပြီ။ ကျွန်ုပ်သည် ဥတ္တရာဇီဝမထေရ် ပါသွားသော လှေနာဝါကို မျက်စိတစ်ဆုံး လှမ်းမျှော်ကြည့်လျက် ဆိပ်ကမ်း၌ လက်အုပ်ချီပြီး ရပ်နေ သည်။ လှေနာဝါသည် တဖြည်းဖြည်း ကြီးရာမှ သေးသွားသည်။ သေးရာမှ ပျောက်ကွယ်သွားသည်။ မိမိ၏မျက်စိအမြင်က လှေနာဝါ လုံးဝပျောက်ကွယ် သွားမှသာ ကျွန်ုပ်သည် ချီထားသော လက်အုပ်ကို ဖြုတ်လိုက်လေသည်။

□

mgyoe.com

mgyoe.com

# ရာဟုလ

ကျွန်ုပ်၏ ဘွဲ့အမည်မှာ ရာဟုလဖြစ်သည်။ မိဘနှစ်ပါးမှာ သိဃ်ိုဋ္ဌနွယ်ဖွား များ ဖြစ်ကြသည်။ ငယ်စဉ်ကာလ ပထမအရွယ်ကပင် ရှင်သာမဏေ ဝတ်ပြီးလျှင် ဥပသမ္ပဒ ပဉ္စင်းခံချိန် ရောက်လာသောအခါ မဟာဝိဟာရ ကျောင်းတိုက်၌ ပဉ္စင်းဘဝ ရောက်လာခဲ့သည်။ သာသနာ့ဘောင် ဝင်ရောက် လာခဲ့သည့် အချိန်ကာလတစ်လျှောက်၌ ရဟန်းသံဃာများ၏ အဓိကတာဝန် ဝတ္တရားဖြစ်သော ဂန္ထဓုရနှင့် ဝိပဿနာဓုရ အလုပ်များကို အပတ်တကုတ် ကြိုးစားအားထုတ်လာခဲ့သည်။ မိမိတို့ သိဃ်ိုဋ္ဌကျွန်း၏ ဗုဒ္ဓသာသနာတော် သမိုင်းအစပြုခဲ့ပုံ နောက်ကြောင်းကို ပြန်ပြောင်းပြောပြရမည်ဆိုလျှင်…

✣

အချိန်မှာ ခရစ်မပေါ်မီ နှစ်ပေါင်း နှစ်ရာလေးဆယ့်ရှစ်နှစ် အလွန်က ဖြစ် သည်။ ဇမ္ဗူဒိပ်ကျွန်း၌ အသောကဘုရင်မင်းတရားကြီး ရာဇာဘိသိက် ခံပြီးသည်မှာ ၁၈ နှစ် ရှိသွားပြီ။ ထိုနှစ်ထဲတွင် ဗုဒ္ဓဘာသာ သာသနာ့ သမိုင်း၌ မှတ်တိုင်တစ်တိုင် စိုက်ထူလိုက်သည်။ ယင်းမှတ်တိုင်ကား တတိယ သင်္ဂါယနာ ဖြစ်သည်။ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုသော ရဟန်းသံဃာတော်တစ်ထောင်သည် ဇမ္ဗူဒိပ်ကျွန်း ပါဋလိပုတ်နေပြည်တော် အသောကရုံကျောင်းတိုက်၌ တတိယသင်္ဂါယနာ တင်တော်မူကြသည်။

mgyoe.com

mgyoe.com

တတိယသင်္ဂါယနာအပြီးတွင် ဗုဒ္ဓသာသနာတော်အတွက် အလွန်တရာ ကျေးဇူးများသော အသီးအပွင့်များ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ ဆွမ်းဆန်ထဲရောနေသည့် ကြွက်ချေးများကို ဖယ်ထုတ်နိုင်ခဲ့သည်။ နို့သာဆီထဲသို့ကျနေသည့် အညစ်အကြေးကို ထုတ်ပစ်နိုင်ခဲ့သည်။ ရေကြည်နှင့်ရေနောက်ကို ခွဲခြားပစ်နိုင်ခဲ့သည်။ သာသနာတော်အတွင်း၌ ဝင်ရောက်အမြစ်တွယ်နေသည့် အတုအယောင်များကို အစစ်အမှန် အနှစ်သာရများနှင့် ဘီလူးစည်း၊ လူ့စည်း ခြားပစ်နိုင်ခဲ့သည်။ ထေရဝါဒ ပိဋကတ်စာပေ၏ ထင်ရှားကျော်ကြားဆုံး ကျမ်းတစ်ကျမ်းဖြစ်သော 'ကထာဝတ္ထု' ကျမ်းစာ ပေါ်ပေါက်လာသည်မှာလည်း ထိုအချိန်အခါကပင် ဖြစ်သည်။

တတိယသင်္ဂါယနာ၏ အခြားအသီးအပွင့်တစ်ခုမှာ ၉ တိုင်း ၉ ဌာနသို့ သာသနာပြုစေလွှတ်ခြင်း ဖြစ်ပါသည်။ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် တတိယသင်္ဂါယနာ အပြီးသတ်သွားသည့်အခါ သင်္ဂါယနာတင် ရဟန်းသံဃာတော်များထဲက သင့်လျော်မည်ထင်သော မထေရ်များကို ရွေးလျက် ပြည်တွင်းပြည်ပ ဒေသအသီးသီး၊ ဌာနအသီးသီးသို့ ဗုဒ္ဓတရားဖြန့်ဖြူးဟောကြားရန် စေလွှတ်လိုက်သည်။ ရဟန်းသံဃာ အတော်များများမှာ အသက်ကို ပဓာနမထားဘဲ ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးအတွက် ကြိုးပမ်း အားထုတ်မည်ဟု အဓိဋ္ဌာန်ပြုထားသူများဖြစ်၍ တစ်ရပ်တစ်ကျေး အဝေးသို့ ကြွလျက် သာသနာပြုရန် တာဝန်ပေးအပ်ခြင်း ခံရသောအခါ စိတ်ဓာတ်တက်ကြွနေကြသည်။

တစ်ရပ်တစ်ကျေး ခရီးဝေးသို့ ကိုယ်နှင့် အသက်ကို မငဲ့ကွက်ဘဲ ကြွရောက်၍ သာသနာပြုလိုသော၊ မိမိ၏ ကိုယ်နှင့် အသက်ကို သာသနာတော်အတွက် အပ်နှင်းထားသော ရဟန်းတော်များထဲတွင် သင်္ဂါယနာတင် ရဟန်းတော်တစ်ပါးဖြစ်သော ရှင်မဟာမဟိန္ဒလည်း တစ်ပါးအပါအဝင် ဖြစ်သည်။ ရှင်မဟိန္ဒသည် အသောကမင်းတရားကြီး၏ သားတော်ဖြစ်သည်။

ပင်လယ်သမုဒ္ဒရာထက်ပင် ပြန့်ကျယ်သော၊ မြင်းမိုရ်တောင်ထက်ပင် ထုထည်ကြီးမားသော မိမိ၏ ကုသိုလ်ကောင်းမှုအစုစုကို ရည်ညွှန်းလျက် အသောကမင်းတရားကြီးက ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အား "မိမိ

mgyoe.com

mgyoe.com


သည် သာသနာ့အမွေခံ ဖြစ်ပါပြီလော'' ဟူ၍မေးမြန်းလျှောက်ထားသည့်အခါ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ''ပစ္စည်းဝတ္ထုများကို ဘယ်လောက်ပင် လှူဒါန်းလှူဒါန်း သာသနာ့အမွေခံ မဖြစ်။ မိမိ၏သည်းချာကို သာသနာတော်အတွင်း သွတ်သွင်းလျက် ရှင်ရဟန်းပြုစေမှသာ သာသနာ့အမွေခံဖြစ်သည့်''ဟူ၍ မိန့်တော်မူသည်။ ဤတွင် အသောကမင်းတရားကြီးသည် မိမိ၏ သားတော်၊ သမီးတော်များထဲက သာသနာတော်အတွင်း ဝင်ရောက်လျက် ရှင်ရဟန်းပြုလိုသူများအား ရှင်ရဟန်းပြုပေးရန် ဆုံးဖြတ်လိုက်သည်။

ထိုအချိန်က ပါဋလိပုတ်နေပြည်တော်၌ သာသနာရောင်ဝါ ထွန်းလင်းတောက်ပနေသည်။ ဘုရင်မင်းကြီးကလည်း ဘုရားတရားကို ကြည်ညိုမြတ်နိုးသည်။ တိုင်းသူပြည်သားများကလည်း ဘုရင်မင်းတရားကြီး၏ ကြိုးပမ်းအားထုတ်မှုကြောင့် တရားဓမ္မကို အာရုံစိုက်နေကြသည်။ ဘုရင်မင်းကြီးက ဘုရားတရားကို ရိုသေမြတ်နိုးမှုပြုသောအခါ နန်းတော်တစ်ခုလုံး တရားဓမ္မသံလွှမ်းနေသည်။ ယင်းပတ်ဝန်းကျင်တွင် ကြီးပြင်းလာခဲ့ရသော သားတော်မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့အတွက် အခါကောင်း အခွင့်ကောင်းကြုံလာသည်။ ငုံနေသည့် ကြာဖူးကြာငုံတို့သည် နေအရှိန်သင့်လာပြီဖြစ်၍ ပွင့်ချိန် ရောက်လာကြသည်။

အသောကမင်းတရားကြီးသည် လက်တွေ့ကို ဦးစားပေးသူဖြစ်သည်။ တရားဓမ္မနှင့် ပတ်သက်၍လည်း လက်တွေ့သမားဖြစ်သည်။ မိမိသားသမီးကို သာသနာတော်အတွင်း ဝင်ရောက်ခွင့်ပြုခြင်းသည် အသောကမင်းတရားကြီးကဲ့သို့ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို စိုးမိုးပိုင်သသည့် ဘုရင်ဧကရာဇ်ကိုမဆိုထားနှင့်၊ သာမန် မိဘ တစ်ဦးတစ်ယောက်အတွက်ပင် အလွန်ခဲယဉ်းသည့်အလုပ် ဖြစ်သည်။ ယခုကား မိဘဖြစ်သူမှာ ဘုရင်ဧကရာဇ်ဖြစ်သည်။ သားသမီးများက နန်းညွန့် နန်းလျာများ ဖြစ်ကြသည်။ တစ်ဖက်တွင် ရွှေနန်းရွှေအိမ်နှင့် မင်းစည်းစိမ်အပြည့် ရှိနေသည်။ အခြား တစ်ဖက်၌ကား သစ်ခေါက် လျှော်တေနှင့် ဖန်ရည်သင်္ကန်း ဝတ်ရုံပြီး ရသမျှနှင့် ရောင့်ရဲတင်းတိမ်နေရသည့် ရဟန်းသမဏဘဝ ရှိနေသည်။

mgyoe.com

mgyoe.com

မိဘနှင့် သားသမီးမှာ လိုက်ဖက်လှသည်။ ဘုရင်မင်းကြီးကလည်း သာသနာ့အမွေကို ခံယူလိုသည့် စိတ်ဆန္ဒ ပြင်းပြနေသဖြင့် ရွှေဘုံရွှေနန်းတွင် တစ်သက်လုံး စံနေကြသော နုနုထွတ်ထွတ် သားတော်နှင့် သမီးတော်ကို သင်္ကန်းတစ်ထည်နှင့် သပိတ်တစ်လုံးသာ အပိုင်ပစ္စည်းထားရသော ရဟန်းသာမဏေဘဝ ကူးပြောင်းခွင့်ပေးလိုက်သည်။ သားတော်၊ သမီးတော်တို့ကလည်း လောကီစည်းစိမ်၏ အမြင့်ဆုံးအဆင့်ဖြစ်သည့် မင်းစည်းစိမ်ကို ကျောခိုင်းလျက် သာသနာတော်အတွင်း ခြေစုံပစ်ဝင်လိုက်ကြသည်။ ပါဋလိပုတ်နေပြည်တော်တစ်ဝိုက်၌ လွှမ်းနေသော သာသနာရောင်ဝါသည် ဘုရင်မင်းကြီး၏ မိသားစုအတွင်း၌လည်း ဝင်းလက်သွားသည်။ သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ သာသနာတော်တွင်း မဝင်ရောက်မီကပင် ဘုရင်မင်းကြီး၏ညီတော် တိဿနှင့် သင်္ဃမိတ္တာ၏ ခင်ပွန်း အဂ္ဂိဗြဟ္မတို့သည် ရဟန်းပြုသွားကြပြီ။ သင်္ဃမိတ္တာ၏ သားတော်လေး သုမနလည်း ရှင်သာမဏေ ဖြစ်သွားသည်။ ၉ တိုင်း ၉ ဌာနသို့ သာသနာပြုများကို စေလွှတ်ချိန်၌ ရှင်မဟိန္ဒသည် အလွန်တရာရင့်ကျက်သည့် မထေရ်တစ်ပါး ဖြစ်နေပြီ။ ဥပဇ္ဈာယ်ဆရာဖြစ်သူ ရှင်မဟာမောဂ္ဂလိပုတ္တတိဿက သူ့ကို သာသနာပြုတာဝန် ပေးနိုးပေးနိုးနှင့် ရှင်မဟိန္ဒစောင့်စားနေသည်။ တာဝန်အသီးသီး ပေးအပ်ခြင်းခံရသည့် ရဟန်းတော်အချို့သည် ပါဋလိပုတ်နေပြည်တော်မှ ထွက်ခွာသွားကြပြီ။

"ငါ့ရှင် မဟိန္ဒ၊ ငါ့ရှင်က လင်္ကာဒီပ သိဟိုဠ်ကျွန်း သွားရမည်။ လင်္ကာဒီပ၌ ဗုဒ္ဓ၏တရားဓမ္မ ထွန်းကားပြန့်ပွားအောင် ပြုလုပ်ဆောင်ရွက်ရမည့် အလုပ်သည် ငါ့ရှင်၏ တာဝန်ဝတ္တရားဖြစ်၏"

ရှင်မဟာမောဂ္ဂလိပုတ္တတိဿ၏အမိန့် ထွက်ပေါ်လာပေပြီ။ ရှင်မဟိန္ဒသည် ဥပဇ္ဈာယ်ဆရာ၏ တာဝန်ပေးချက်ကို ဦးလည်မသုန် ခံယူပြီးလျှင် ခမည်းတော်ဘုရင်မင်းကြီးအား နှုတ်ဆက်လျက် ပါဋလိပုတ်နေပြည်တော်မှ ထွက်ခွာသွားသည်။ သူနှင့် အတူ မထေရ်လေးပါးနှင့် သင်္ဃမိတ္တာ၏ သားတော်လေး သုမနသာမဏေလည်း ပါသွားသည်။

mgyoe.com

mgyoe.com


ရှင်မဟာမဟိန္ဒသည် လင်္ကာဒီပကျွန်း၌ သာသနာပြုရန် တာဝန်ပေး အပ်ခြင်းခံရသောအခါ ပထမဦးစွာ ဝေဒိသ၌ရှိနေသော သူ၏မယ်တော်ကို သတိရလာသည်။ သူ၏ မယ်တော်သည် အသောကမင်းကြီး နန်းတက် သောအခါ ပါဋလိပုတ်သို့ လိုက်မလာဘဲ ဝေဒိသ၌ နေရစ်ခဲ့သည်။ သူ၏ သာသနာပြုခရီးသည် ဇမ္ဗူဒီပကျွန်းသို့ ခြေဦးလှည့်ရတော့မည် မဟုတ်သည့် ခရီးဖြစ်ကြောင်း ရှင်မဟာမဟိန္ဒ သိထားသည်။ ထို့ကြောင့် သူ၏ မယ်တော် ကို နောက်ဆုံး တွေ့ခြင်းမျိုးဖြင့် တွေ့သွားလိုသည့်ဆန္ဒ ရှိနေသည်။ လင်္ကာ ဒီပကျွန်း ကြွရန်မှာလည်း အခြေအနေ မပေးသေး၍ အထိုက်အလျောက် အချိန်ရနေသည်။ ထို့ကြောင့် ရှင်မဟိန္ဒသည် လင်္ကာဒီပသို့ တန်းမကြွဘဲ သူ့မယ်တော်ရှိရာ ဝေဒိသသို့ ကြွသွားသည်။ သားတော် ကြွလာသည်ကို တွေ့ရသောအခါ မယ်တော် ဒေဝီမိဖုရားသည် အတိုင်းထက်အလွန် အားရ ဝမ်းသာ ဖြစ်သွားပြီးလျှင် သူဆောက်လုပ်ထားသော ဝေဒိသဂီရိ ကျောင်း တိုက်၌ သီတင်းသုံးစေလျက် ဆွမ်းလုပ်ကျွေး ပြုစုနေသည်။

ရှင်မဟိန္ဒ ပါဋလိပုတ်နေပြည်တော်မှ ထွက်ခွာလာခဲ့သည်မှာ ၆ လ ကြာသွားပြီ။ ၆ လမျှသောအချိန်ကာလသည် အရေအတွက်အားဖြင့် ဘာမျှ မပြောပလောက်သော်လည်း လူတစ်ဦးတစ်ယောက်အတွက် သော်လည်း ကောင်း၊ တိုင်းပြည်တစ်ပြည်အတွက် သော်လည်းကောင်း ပြောင်းလဲစရာ ရှိပါက ကျွမ်းထိုးမှောက်ခုံ ပြောင်းလဲသွားနိုင်သည့် အချိန်ကာလ အတိုင်း အတာ ဖြစ်သည်။ ထို ၆ လ အတွင်း ဇမ္ဗူဒိပ်ကျွန်း၌ ပြောလောက် ဆို လောက် ပြောင်းလဲမှုမရှိသော်လည်း ရှင်မဟိန္ဒ သွားရောက်ရမည့် လင်္ကာဒီပ ၌ကား တိုင်းပြည်အခြေအနေ ပြောင်းလဲသွားသည်။ မင်းပြောင်းမင်းလွှဲဖြစ် လာသည်။ ပဏ္ဍုကာဘယဘုရင် လွန်ပြီး မုဋသီဝ နန်းတက်လာသည်။ မုဋသီဝဘုရင် ကံကုန်သွားသောအခါ ဒေဝါနံပိယတိဿဘုရင် နန်းတက် သည်။ ဒေဝါနံပိယတိဿနှင့် အသောကမင်းတရားကြီးတို့သည် အကြည် တော် မဟာမိတ်များ ဖြစ်ကြသည်။ ခမည်းတော်ဘုရင်မင်းကြီးနှင့် ချစ်ကြည် ရင်းနှီးသော ဒေဝါနံပိယတိဿ မင်းကြီး ထီးနန်းစိုးစံနေချိန် ရှင်မဟိန္ဒ လင်္ကာဒီပ ကြွသွားခြင်းဖြစ်သည်။

✤

mgyoe.com

mgyoe.com


လင်္ကာဒီပ သိဟိုဠ်ကျွန်း၌ နယုန်လ နက္ခတ်ပွဲသဘင် ကျင်းပပြုလုပ်နေကြသည်။ ဒေဝါနံပိယတိဿ မင်းကြီးသည် နက္ခတ်ပွဲသဘင် အထိမ်းအမှတ်အဖြစ် တောကစားထွက်လာရာ အနုရာဓပူရ အရှေ့ဘက်ရှိ မိဿကတောင်သို့ ရောက်လာသည်။ ဆတ်တစ်ကောင်သည် မြက်သစ်ရွက် စားနေသည်။ သားကောင်ကို ဘုရင်မင်းကြီး တွေ့သွားသည်။ သို့ရာတွင် 'သားကောင်အား ယခုကဲ့သို့ နမော်နမဲ့နေစဉ်အတွင်း ပစ်၍မတော်။ ထွက်ပြေးသောအခါကျမှ ပစ်သင့်သည်'ဟု တွေးပြီးလျှင် ဘုရင်မင်းကြီးက အသံပြုလိုက်သည်။ လူသံ ကြားရသောကြောင့် ဆတ် ထွက်ပြေးသည်။ သားကောင်ထွက်ပြေးသွားမှ ဘုရင်မင်းကြီးက သားကောင်နောက်က လိုက်သည်။ နောက်က လိုက်ရင်း လိုက်ရင်းနှင့် သားကောင် မျက်ခြည်ပြတ်သွားသည်။ သားကောင်အစား တစ်စုံတစ်ဦးကို တွေ့ရသည်။ ယင်းတစ်စုံတစ်ဦးကား တောတိရစ္ဆာန်လည်း မဟုတ်ပေ။ နတ်ဒေဝတာလည်း မဟုတ်ပေ။ ယက္ခဘီလူးလည်း မဟုတ်ပေ။ လူသားတစ်ဦးဖြစ်သော ရှင်မဟိန္ဒမထေရ် ဖြစ်သည်။ ရှင်မဟိန္ဒသည် လင်္ကာဒီပတွင် အခြေချပြီးနောက် ထိုနေရာသို့ ရောက်နေခြင်းဖြစ်သည်။ မိမိအနီးသို့ ဘုရင်မင်းကြီးရောက်လာသည်ကို တွေ့ရသောအခါ ရှင်မဟိန္ဒက လှမ်းပြောလိုက်သည်။

''တိဿ၊ ဒီလာခဲ့''

ဘုရင်မင်းကြီးက စဉ်းစားကြည့်သည်။ 'ဤတိုင်းပြည်၌ ငါ့ကို တိဿဟု ခေါ်ဝံ့သူ မည်သူမျှမရှိ။ ဤသစ်ခေါက်ဆိုးအဝတ် ဝတ်ထားသူသည် ငါ့ကို တိဿဟု ခေါ်သည်။ ဤပုဂ္ဂိုလ်သည် လူလော သို့မဟုတ် လူ မဟုတ်ဘူးလော'

ထိုအခိုက် ရှင်မဟိန္ဒက မိန့်တော်မူလိုက်သည်။

''အရှင်မင်းကြီး၊ ကျွန်ုပ်တို့သည် တရားမင်းဖြစ်တော်မူသော ရှင်တော် ဗုဒ္ဓ၏ တပည့်သာဝက ရဟန်းသာမဏေများ ဖြစ်ကြ၏။ အရှင်မင်းကြီး၏ အကျိုးအတွက် ဇမ္ဗူဒီပကျွန်းမှ လင်္ကာဒီပသို့ ရောက်လာကြခြင်းဖြစ်၏''

mgyoe.com

mgyoe.com


ရှင်မဟာနာဂ၏စကားကို ကြားလိုက်ရသည်နှင့် ဒေဝါနံပိယတိဿ မင်းကြီးသည် လက်ထဲက လေးနှင့် မြားကို ချထားလိုက်ပြီး မထေရ်၏အနီးသို့ ချဉ်းကပ်သွားသည်။ နောက်လိုက်နောက်ပါ ဗိုလ်ပါပရိသတ်များလည်း ဘုရင်မင်းကြီးကို ခြံရံနေကြသည်။ ရှင်မဟာနာဂသည် ဘုရင်မင်းကြီးအား အတူပါလာသော ရဟန်းများကို ပြလိုက်သည်။

"ဤရဟန်းပုဂ္ဂိုလ်များ မည်သည့်အချိန်က ကြွရောက်လာကြပါသနည်း" ဘုရင်မင်းကြီးက မေးလျှောက်လိုက်လေသည်။

"ကျွန်ုပ်နှင့်အတူ ကြွလာသော ရဟန်းပုဂ္ဂိုလ်များ ဖြစ်ကြသည်"

"ဇမ္ဗူဒိပ်ကျွန်းမှာ တခြားရဟန်းများ ရှိပါသေးသလော"

"အရှင်မင်းကြီး ယခုအချိန်၌ ဇမ္ဗူဒိပ်ကျွန်းသည် သင်္ကန်းရောင် တောက်ပြောင်နေပါ၏"

ရှင်မဟာနာဂသည် ဒေဝါနံပိယတိဿမင်းကြီး၏ အသိဉာဏ် အတိမ်အနက်ကို အကဲခတ်လိုသောကြောင့် အနီး၌မြင်နေရသည့် သရက်ပင်တစ်ပင်ကို ညွှန်ပြလျက် ကောက်ကာငင်ကာ မေးလိုက်သည်။

"အရှင်မင်းကြီး၊ ဤသစ်ပင်သည် မည်သည့်သစ်ပင် ဖြစ်ပါသနည်း"

"သရက်ပင် ဖြစ်ပါ၏"

"အရှင်မင်းကြီး၊ ဤသရက်ပင်မှတစ်ပါး အခြားသရက်ပင် ရှိသေးသလော"

"တခြား သရက်ပင် အမြောက်အမြား ရှိကြပါ၏"

"ဤသရက်ပင်နှင့် ထိုသရက်ပင်များမှတစ်ပါး တခြားသစ်ပင်များ ရှိကြပါသေးသလော"

"ရှိပါ၏ အရှင်ဘုရား၊ သို့သော် ထိုသစ်ပင်များသည် သရက်ပင် မဟုတ်ပါ"

"တခြားသရက်ပင်များနှင့် သရက်ပင်မဟုတ်သော သစ်ပင်များမှ တစ်ပါး တခြားသစ်ပင် ရှိပါသေးသလော"

mgyoe.com

"ရှိပါ၏ အရှင်ဘုရား၊ ဤသရက်ပင် ဖြစ်ပါ၏"

"သာဓု၊ သာဓု အရှင်မင်းကြီး၊ သင်မင်းကြီး ပညာဉာဏ် ပြည့်စုံပါပေ၏"

ရှင်မဟိန္ဒသည် ထိုမျှနှင့် မကျေနပ်နိုင်သေးပေ။ ဘုရင်မင်းကြီးအား ဆက်လက် မေးပြန်သည်။

"သင် မင်းကြီးတွင် ဆွေတော်မျိုးတော်များ ရှိပါ၏လော"

"အမြောက်အမြား ရှိပါ၏"

"ဆွေမျိုးမတော်သူများလည်း ရှိပါသလော"

"ဆွေမျိုးတော်သူထက်ပင် အရေအတွက် များပါသေး၏"

"ဆွေမျိုးတော်သူနှင့် မတော်သူမှတစ်ပါး တခြားလူ ရှိပါသေးသလော"

"ရှိပါ၏ အရှင်ဘုရား၊ ထိုပုဂ္ဂိုလ်သည် တပည့်တော်ကိုယ်တိုင်ပင် ဖြစ်ပါ၏"

"သာဓု၊ သာဓု အရှင်မင်းကြီး၊ သင်မင်းကြီးသည် ပညာဉာဏ်ပြည့်စုံသူတစ်ယောက် ဖြစ်ပါပေ၏"

ရှင်မဟိန္ဒသည် ဒေဝါနံပိယတိဿမင်းကြီး၏ အသိဉာဏ် အတိမ်အနက်ကို အကဲခတ်ပြီးသောအခါ ဘုရင်မင်းကြီးနှင့်တကွ နောက်လိုက်နောက်ပါများအား စူဠဟတ္ထိပဒေါပမသုတ်ကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ ဘုရင်မင်းကြီးနှင့်တကွ နောက်လိုက်နောက်ပါများတို့သည် သရဏဂုံ တည်သွားကြသည်။

ရှင်မဟိန္ဒသည် မိဿကပဗ္ဗတတောင်၌ ဝါကပ်တော်မူသည်။ ထိုအချိန်၌ပင် မင်းကြီး၏ တူတော် မဟာအရိဋ္ဌ အမတ်ကြီးနှင့် အခြားပုဂ္ဂိုလ် ၅၅ ဦးတို့သည် သာသနာ့ဘောင် ဝင်ရောက်ပြီး ရှင်ရဟန်းပြုလိုက်ကြသည်။ ထိုအချိန်အတွင်း ဒေဝါနံပိယတိဿဘုရင်မင်းကြီး၏ ခယ်မတော်တစ်ပါးဖြစ်သော အနုဠာနှင့် အဖော်တစ်စုသည် သူတို့အား သာသနာတော်တွင်း သွတ်သွင်းလျက် ဘိက္ခုနီ ပြုပေးပါရန် ရှင်မဟိန္ဒအား တောင်းပန်လျှောက်ထားကြသည်။ ထို့ကြောင့် ရှင်မဟိန္ဒနှင့် ဒေဝါနံပိယတိဿတို့

mgyoe.com

mgyoe.com

သည် ဇမ္ဗူဒိပ်ကျွန်းမှ သဃ်မိတ္တာထေရီနှင့် ဗောဓိပင် ဒက္ခိဏသာခါတောင် ကိုင်းကို ပင့်ဆောင်ရန် ဇမ္ဗူဒိပ်ကျွန်းသို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ် လိုက်ရသည်။

✤

အရိဋ္ဌအမတ် အမှူးရှိသော သိင်္ဃိုဠ်သံတမန်အဖွဲ့သည် အသောကဘုရင် မင်းကြီး၏ ရှေ့တော်မှောက်တွင် ခံစားနေကြသည်။ လင်္ကာဒီပ သိင်္ဃိုဠ် ကျွန်းသို့ သာသနာပြု ကြွတော်မူသည့် သားတော် ရှင်မဟိန္ဒအကြောင်းကို မေးမြန်းသည်ဖြစ်၍ အရိဋ္ဌအမတ်သည် အသောကမင်းတရားကြီးအား ရှင် မဟိန္ဒ သိင်္ဃိုဠ်ကျွန်း ရောက်လာသည့်အချိန်မှစ၍ သိင်္ဃိုဠ်ကျွန်း၌ မည်သို့ မည်ပုံ သာသနာရောင်ဝါ ထွန်းလင်းတောက်ပနေပုံကို စုံစုံစေ့စေ့ လျှောက် တင် ပြောပြသည်။ အသောကဘုရင်သည် သားတော် ရှင်မဟိန္ဒ၏ သတင်း ကို ကြားရသည့်အတွက် ရွှင်လန်းအားရ ဖြစ်နေသည်။ သို့သော် ရွှင်ရွှင်ပျပျ ဖြစ်နေသည့် ဘုရင်မင်းကြီး၏ မျက်နှာသည် အရိဋ္ဌအမတ်၏ နောက်ထပ် လျှောက်တင်သောစကားကြောင့် ရုတ်တရက် ညှိုးသွားသည်။

"အရှင်မင်းကြီး၊ ယခု ကျွန်ုပ်တို့ အရှင်မင်းကြီး ခြေတော်ရင်း ရောက်လာရခြင်းမှာ အရှင်မင်းကြီး၏ အကြည်တော် ဒေဝါနံပိယတိဿ ဘုရင်မင်းကြီးနှင့် အရှင်မင်းကြီး၏သားတော် ရှင်မဟိန္ဒတို့ စေလွှတ်လိုက် သည့်အတွက် ဖြစ်ပါ၏။ သိင်္ဃိုဠ်ကျွန်း၌ ရှင်မဟိန္ဒ၏ တရားဒေသနာတော်ကို ကြားနာရသည့်အတွက် ရှင်ရဟန်းပြုကြသော ယောကျ်ားများ၏ ဦးရေသည် မနည်းတော့ပါ။ ရှင်ရဟန်းပြုလိုသော ပုဂ္ဂိုလ်များထဲတွင် ယောကျ်ားသား များ သာမက မိန်းမသားများလည်း ပါကြ၏။ ဒေဝါနံပိယတိဿမင်းကြီး၏ ခယ်မတော် အနုဠာဒေဝီက ရှင်မဟိန္ဒအား ရဟန်းပြုပေးဖို့ တောင်းပန် လျှောက်ထားသည့်အခါ ရှင်မဟိန္ဒက သူ့အနေနှင့် မာတုဂါမကို ရဟန်းပြု ပေး၍ မဖြစ်ကြောင်း၊ မာတုဂါမကို ဘိက္ခုနီကသာ ရဟန်းပြုပေးရကြောင်း ပြောလျက် ခမည်းတော်ဘုရင် အသောကထံ တမန်တော်စေလွှတ်၍ ပါဋ္ဌ လိပုတ် နေပြည်တော်၌ရှိသော သဃ်မိတ္တာထေရီကို သွားပင့်ရမည်။ သဃ်

mgyoe.com

mgyoe.com


မိတ္တာထေရီ ကြွလာသောအခါ မဟာဗောဓိပင်က ဒက္ခိဏသာခါ လက်ယာ တောင်ကိုင်းတစ်ကိုင်း ဆောင်ကြဉ်းလာစေဖို့လည်း မမေ့စေနှင့်ဟု မိန့်တော် မူပါ၏။ ရှင်မဟိန္ဒ၏ မိန့်ဆိုချက်အရ လင်္ကာဒီပပြည့်ရှင် ဒေဝါနံပိယတိဿ မင်းကြီးက ကျွန်ုပ်တို့ကို အရှင်မင်းကြီးထံ စေလွှတ်လိုက်ခြင်း ဖြစ်ပါ၏"

သားတော် အရှင်မဟိန္ဒနှင့် လင်္ကာဒီပပြည့်ရှင် ဘုရင်တို့၏ အစီအစဉ် သည် သာသနာတော် ပြန့်ပွားထွန်းကားရေးအတွက်ဖြစ်၍ ခွင့်မပြုနိုင်စရာ အကြောင်း မရှိပေ။ သို့သော်လည်း ထိုအကြောင်း ကြားသိရသည့်အခါ ဘုရင်အသောကသည် စိတ်ခပ်လေးလေး ဖြစ်သွားသည်။

သားတော် ရှင်မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့သည် သာသနာ့ ဘောင် ဝင်ရောက်ပြီး လူ့ဘောင်လူ့လောကနှင့် စည်းခြားလိုက်ကြသော် လည်း ပါဋလိပုတ်နေပြည်တော်၌ပင် ရှိနေကြ၍ ဘုရင်မင်းကြီးသည် သား တော်နှင့် သမီးတော်ကို ဖူးတွေ့လိုပါလျှင် အသောကရုံကျောင်းတိုက်သွား ပြီး ဖူးတွေ့နိုင်သည့် အခွင့်အရေး ရှိနေသည်။ သို့သော် တတိယသင်္ဂါယနာ တင်အပြီး ၉ တိုင်း ၉ ဌာနသို့ သာသနာပြုရဟန်းတော်များ ကြွရောက်သည့် အချိန်မှစ၍ မိမိမျက်စိရှေ့မှောက်က သားတော်တစ်ယောက် ပျောက်သွား သည်။ ဘုရင်မင်းကြီးသည် သားတော် ရှင်မဟိန္ဒကို အလွမ်းပြေ ဖူးတွေ့ လိုသော်လည်း မဖူးတွေ့ရတော့ပေ။ သားတော်ရှင်မဟိန္ဒသည် သူတစ်ပါး တည်း မကြွပေ။ သူ၏တူတော် သင်္ဃမိတ္တာ၏ သားတော် သုမနသာမဏေ လေးကိုပါ ခေါ်သွားသည်။ ဘုရင်မင်းကြီးသည် တစ်ပူပေါ် နှစ်ပူဆင့်ရ ပြန်သည်။ မြေး သာမဏေလည်း သူ၏မျက်စိအောက်က ပျောက်ကွယ်သွား သည်။ ယခု မိမိ၏ သွေးသားထဲက ကြည်ညိုစရာ အားထားစရာ တစ်ဦး တည်း ကျန်ရှိနေသည့် သမီးတော် သင်္ဃမိတ္တာကို သူ၏ အစ်ကိုတော်၊ မိမိ၏ သားတော် ရှင်မဟိန္ဒ၏အမိန့်အရ လာပင့်နေကြပြန်ပြီ။

ဘုရင်မင်းကြီး အင်တင်တင် ဖြစ်နေသည်။ အင်းမလှုပ် အဲမလှုပ် လုပ်နေသည်။ တမန်တော်များက သင်္ဃမိတ္တာကို စစ်ကူတောင်းကြသည်။ သင်္ဃမိတ္တာက သူ့ခမည်းတော် အရှင်မင်းကြီးကို အကျိုးသင့် အကြောင်း သင့် ရှင်းလင်းပြောပြသည်။

mgyoe.com

mgyoe.com


"ခမည်းတော် အရှင်မင်းကြီး၊ အစ်ကိုတော်အရှင်မြတ်၏ အမိန့်ကို သမီးတော် ငြင်းဆန်၍မဖြစ်ပါ။ သမီးတော်တို့သည် ခမည်းတော် အရှင်မင်းကြီးတို့နှင့် ဘဝခြားနေပါပြီ။ သမီးတော်တို့သည် ဖန်ရည်သင်္ကန်းဝတ်ရုံထားသော ဘုရားသားတော်၊ သမီးတော်များ ဖြစ်သည့်အတွက် ရှင်တော်မြတ်ဘုရား၏ သာသနာတော် ပြန့်ပွားအောင်လုပ်ဖို့ရန်မှာ သမီးတော်တို့၏ တာဝန်ဝတ္တရား ဖြစ်ပါ၏။ ခမည်းတော်လည်း သာသနာတော်ပြန့်ပွားရေးကို လိုလားတောင့်တနေသော ဒါယကာဖြစ်သည့်အတွက် သမီးတော် လင်္ကာဒီပ သွားဖို့အရေးကို အားမပေးဘဲ မနေသင့်ပါ။ သမီးတော် မသွား၍ မဖြစ်။ သမီးတော်မသွားလျှင် လင်္ကာဒီပမှာ ဘိက္ခုနီသာသနာ ထွန်းကားတော့မှာ မဟုတ်ပါ။ သမီးတော် လင်္ကာဒီပကို သွားလိုသည့်ဆန္ဒ အလွန်ပြင်းပြနေပါ၏။ လင်္ကာဒီပမှာ မောင်နှမနှစ်ယောက် သာသနာ့ဝန်ကို အစွမ်းကုန် ထမ်းရွက်လိုပါ၏"

ဘုရင်အသောက ဘေးကျပ်နံကျပ်ဖြစ်နေသည်။

"မဟုတ်ဘူး သမီးတော်၊ သားတော် မဟိန္ဒထေရ်နှင့် မြေးတော် သုမနသာမဏေတို့ ရပ်ဝေးထွက်ခွာသွားကြသည့်အတွက် ခမည်းတော် လက်ရုံးနှစ်ဖက် ပြုတ်သွားပြီး အားကိုးရာမဲ့ ဖြစ်ခဲ့ရ၏။ သားတော်နှင့် မြေးတော်၏ မျက်နှာတော်များကို မဖူးတွေ့ရတော့သည့်အတွက် ဝမ်းနည်းမဆုံး ဖြစ်နေရသော်လည်း စိတ်ဖြေစရာ သမီးတော်တစ်ယောက် ကျန်သေးပါကလားဟုဆိုပြီး အားတင်းနေခဲ့ရ၏။ ယခု သမီးတော်ကပါ ခမည်းတော်ကို စွန့်ခွာသွားမည်ဆိုတော့ ခမည်းတော် ဘယ်ပုံဘယ်နည်း ဖြေရမည်နည်း သမီးတော်"

"အစ်ကိုတော် မထေရ်မြတ်၏ အမိန့်တော်အာဏာသည် သမီးတော် အပေါ်မှာ အလွန်တရာ စူးရှထက်မြက်လှပါ၏။ ခမည်းတော်သည် သမီးတော်တို့ကို လောကီအနွယ်ထဲကကဲ့သို့ သဘောထားပြီး သံယောဇဉ် အမျှင်မပြတ် ရှိနေသည် ထင်ပါ၏။ သမီးတော်တို့သည် လောကီအနွယ်ထဲက မဟုတ်တော့ပါ။ လောကီအပြင်ဘက် လောကုတ္တရာနွယ်ထဲရောက်နေသော ပုဂ္ဂိုလ်များ ဖြစ်နေပါပြီ။ သမီးတော်တို့သည် သံယောဇဉ် နှောင်ကြိုးနှင့် တွယ်တာ၍မရသည့် ပုဂ္ဂိုလ်မျိုး ဖြစ်နေပါပြီ။ သမီးတော်တို့ကို သံယောဇဉ်

mgyoe.com

mgyoe.com


နှောင်ကြိုးနှင့် မတွယ်ချင်ပါနှင့်တော့။ သမီးတော်တို့ကို လွတ်လွတ် ကျွတ်ကျွတ် သာသနာပြုခွင့် ပေးစေချင်ပါ၏ ခမည်းတော်''

လောကီနှင့် လောကုတ္တရာတိုက်ပွဲ၌ လောကုတ္တရာက အပေါ်စီးရသွားသည်။ ဖခင်နှင့် သမီး၏ သံယောဇဉ် လွန်ပွဲ၌ သံယောဇဉ်ကြိုးသည် တောက်ခနဲ ပြတ်သွားသည်။ ဘုရင်မင်းတရားကြီးသည် မည်သည့်နည်းနှင့်မျှ တားမရသည့်အဆုံး၌ သမီးတော် သင်္ဃမိတ္တာ၏ အလိုဆန္ဒကို လိုက်လျောလိုက်ရတော့သည်။

''ခမည်းတော် ကိုယ့်စိတ်ကိုယ် ဖြေပါတော့မည်။ သမီးတော်ကို သမီးတော်၏ အစ်ကိုတော်ထံ လိုက်ပါခွင့်ပြုပါတော့မည်။ သားတော်နှင့် အကြည်တော် လင်္ကာဒီပဘုရင်မင်းကြီး တိုက်တွန်း တောင်းပန်ချက်အရ မဟာဗောဓိကိုင်းတစ်ကိုင်းကိုလည်း လင်္ကာဒီပမှာ စိုက်ပျိုးဖို့ သမီးတော်နှင့်အတူ ပါးလိုက်ပါမည်''

✣

သင်္ဃမိတ္တာထေရီသည် မဟာဗောဓိပင် ဒက္ခိဏသာခါကို ပင့်ဆောင်လျက် လင်္ကာဒီပ သိင်္ဃိုဠ်ကျွန်းသို့ ဆိုက်ရောက်လာသည်။ သင်္ဃမိတ္တာထေရီကို စောင့်ဆိုင်းနေသော အနုဠာဒေဝီနှင့် မိန်းမဖော်တစ်စုသည် သင်္ဃမိတ္တာထေရီ၏ထံ၌ ဘိက္ခုနီ ပြုလိုက်ကြသည်။ သင်္ဃမိတ္တာထေရီ ပင့်ဆောင်လာသော ဗောဓိကိုင်းကိုလည်း ကြီးကျယ်ခမ်းနားစွာ ပွဲသဘင်အခမ်းအနား ဆင်ယင်ကျင်းပလျက် စိုက်ပျိုးလိုက်ကြသည်။

ဗောဓိပင်စိုက်ပျိုးခြင်းသည် လင်္ကာဒီပ သိင်္ဃိုဠ်ကျွန်း၌ သာသနာတော် အခြေချပြီဟူသည့် အနက်အဓိပ္ပာယ်၏ အမှတ်သင်္ကေတ ဖြစ်သွားသည်။ သာသနာတော်တွင်း၌ တစ်စတစ်စ ရဟန်းသံဃာအရေအတွက် တိုးတက်များပြားလာသောအခါ ဒေဝါနံပိယတိဿမင်းကြီးသည် မဟာဝိဟာရနှင့် စေတိယပဗ္ဗတအပြင် အခြားကျောင်းတိုက်ပေါင်းများစွာကိုပါ ဆောက်လုပ်လှူဒါန်းသည်။

mgyoe.com

mgyoe.com

ရှင်မဟာ မဟိန္ဒသည် သက်တော်သုံးဆယ့်နှစ်နှစ် နုနယ်ပျိုမျစ်သော အရွယ်တွင် လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာပြီး ဒေဝါနံပိယတိဿ မင်းကြီး၏ အရိုက်အရာခံ ညီတော် ဥတ္တိယဘုရင် နန်းစံနှစ် ရှစ်နှစ်မြောက်၌ သက်တော် ရှစ်ဆယ်အရွယ်တွင် ပရိနိဗ္ဗာန်စံတော်မူသွားသည်။ သင်္ဃမိတ္တာ ထေရီသည်လည်း အရှင်မဟာမဟိန္ဒ ပရိနိဗ္ဗာန်စံပြီးနောက် တစ်နှစ်အကြာ အနုရာဓပူရရှိ ဟတ္ထာဠှကဘိက္ခုနီကျောင်းတိုက်၌ လူ့လောကို မျက်နှာ လွှဲသွားသည်။

လောကီ သွေးသားအနေနှင့်လည်းကောင်း၊ လောကုတ္တရာ သွေးသား အနေနှင့်လည်းကောင်း၊ သာသနာပြုဘက်အနေနှင့်လည်းကောင်း မောင်နှမ တော်သော ရှင်မဟာမဟိန္ဒနှင့် သင်္ဃမိတ္တာထေရီတို့သည် လင်္ကာဒီပသီဟိုဠ် ကျွန်း၌ သက်ဆုံးတိုင် ဗုဒ္ဓသာသနာတော်အကျိုးကို သယ်ပိုးကြပြီးလျှင် ရှေ့ဆင့်နောက်ဆင့် ဘဝဇာတ်သိမ်းသွားတော်မူကြသည်။

✤

ရှင်မဟိန္ဒတို့၏ခေတ် နောက်ပိုင်း နှစ်ပေါင်း ၇၀၀ ကျော်လာသောအခါ လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ ပြည်ပမှ အထူးဧည့်သည်တော်နှစ်ဦး ရောက်ရှိ လာကြသည်။ ပထမဧည့်သည်တော်မှာ တရုတ်ရဟန်းတော် ဖာဟီယန် ဖြစ်သည်။ ဖာဟီယန်သည် ဇမ္ဗူဒိပ်ကျွန်းမှ တရုတ်ပြည်အပြန် လင်္ကာဒီပ သီဟိုဠ်ကျွန်း၌ နှစ်နှစ်ကြာမျှ နေထိုင်သွားခဲ့သည်။ ဒုတိယဧည့်သည်တော်မှာ ရှင်မဟာဗုဒ္ဓဃောသ ဖြစ်သည်။ ဖာဟီယန်က ရှင်မဟာဗုဒ္ဓဃောသထက် စောသည်။ ဖာဟီယန် တရုတ်နိုင်ငံ ပြန်ကြွပြီးသည့်နောက်မှ ရှင်မဟာဗုဒ္ဓ ဃောသ လင်္ကာဒီပ သီဟိုဠ်ကျွန်း ရောက်လာသည်။

ရှင်မဟာဗုဒ္ဓဃောသသည် ဇမ္ဗူဒိပ်ကျွန်းသား ဖြစ်သည်။ ရေဝတ မဟာထေရ်၏ တပည့်ဖြစ်သည်။ ရေဝတမဟာထေရ်၏ထံ၌ ရဟန်းပြုပြီး သောအခါ ဗုဒ္ဓ၏အသံ၊ ဗုဒ္ဓ၏စကားကဲ့သို့ လေးနက်သော အသံ၊ လေးနက် သော စကား ရှိသောကြောင့် ရဟန်းသံဃာများက သူ့ကို 'ဗုဒ္ဓဃောသ' ဘွဲ့အမည်နာမ ပေးအပ်လိုက်ကြသည်။

mgyoe.com

mgyoe.com

ဇမ္ဗူဒိပ်ကျွန်း၌ရှိနေစဉ်ကပင် ရှင်မဟာဗုဒ္ဓဃောသသည် ညဏောဒယကျမ်းနှင့် ဓမ္မသင်္ဂဏီအဖွင့် 'အဋ္ဌသာလိနီကျမ်း' ကို ရေးသားပြုစု ပြီးနေပြီ။ သူ့ဆရာ ရေဝတမဟာထေရ်က သူ့ကို သာသနာတော်အတွက် အလွန် အားကိုးအားထားပြုသည်။ ထိုအချိန်က ဇမ္ဗူဒိပ်ကျွန်း၌ ဘုရားဟော မူလ ပိဋကတ်သုံးပုံသာရှိပြီး အဖွင့်အဋ္ဌကထာကျမ်းများ မရှိတော့။ အာစရိယ ပရမ္ပရ ဆရာစဉ်ဆက် ဆင်းသက်လာခဲ့သည့် အယူဝါဒများလည်း မရှိတော့ပေ။ လင်္ကာဒီပ သိဟိုဠ်ကျွန်း၌ကား ရှင်မဟာမဟိန္ဒမထေရ် ပြုစုပျိုးထောင်ခဲ့သည့် ခိုင်မာသော ဆင်ဂလီဘာသာအဖွင့် အဋ္ဌကထာကျမ်းများ ရှိသည်။ ယင်း ဆင်ဂလီဘာသာအဖွင့် အဋ္ဌကထာကျမ်းများကို လေ့လာလျက် မဂဓဘာသာဖြင့် ပြန်ဆိုရေးသားရန်တာဝန်ကို ရေဝတမထေရ်က တပည့် ရှင်မဟာဗုဒ္ဓဃောသအား ပေးအပ်လိုက်သည်။

ရှင်မဟာဗုဒ္ဓဃောသသည် ဆရာ၏အမိန့်ကို ဦးထိပ်ပန်ဆင်လျက် ကြီးလေးသော မဟာတာဝန်ကြီးဖြင့် လင်္ကာဒီပ သိဟိုဠ်ကျွန်းသို့ ရောက်လာသည်။ အနုရာဓပူရမြို့ မဟာဝိဟာရကျောင်းတိုက်သို့ ရောက်သွားသည်။ ထိုကျောင်းတိုက်ထဲက အခမ်းနားဆုံးဖြစ်သော မဟာပဓာနအမည်ရှိ ကျောင်းတော်၌ သီတင်းသုံးလျက် သံဃပါလမဟာထေရ်ထံမှ ဆင်ဂလီအဋ္ဌကထာများနှင့် ထေရဝါဒအစဉ်အလာများကို နာကြားရသောအခါ ရှင်မဟာဗုဒ္ဓဃောသ ကျေနပ်အားရသွားသည်။ ယင်းအဋ္ဌကထာများနှင့် ထေရဝါဒအစဉ်အလာများသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတော်ကို ဖွင့်ဆိုထားသော အဋ္ဌကထာများ ဖြစ်သည်ဟူ၍ သဘောပေါက်သွားသည်။ ရှင်မဟာဗုဒ္ဓဃောသသည် သူ၏ ရည်ရွယ်ချက်ကို မဟာဝိဟာရကျောင်းတိုက်ရှိ ရဟန်း သံဃာတော်များအား ဖွင့်ဟ လျှောက်ထားလိုက်သည်။

"တပည့်တော်သည် ဆင်ဂလီ အဋ္ဌကထာများကို မဂဓဘာသာဖြင့် ဘာသာပြန်ဆိုမည်ဟူသော ရည်ရွယ်ချက်ဖြင့် လင်္ကာဒီပ သိဟိုဠ်ကျွန်းသို့ ရောက်လာရခြင်း ဖြစ်ပါ၏။ အရှင်မြတ်ဘုရားတို့၏ အဋ္ဌကထာကျမ်းများကို တပည့်တော်အား ကြည့်ရှုလေ့လာခွင့် ပေးသနားတော်မူကြပါဘုရား"

mgyoe.com

mgyoe.com


ဤတွင် မဟာဝိဟာရဝါသီထေရ်အရှင်မြတ်များက ရှင်မဟာ ဗုဒ္ဓဃောသ၏ အရည်အချင်းကို စမ်းသပ်ကြည့်သည့်သဘောဖြင့် 'အန္တော ဇဋာ ဗဟိဇဋာ...' အစရှိသော ဂါထာနှင့် 'သီလေပတိဋ္ဌာယ နရောသပ္ပ ညော...' အစရှိသော ဂါထာပေးပြီး ရှင်မဟာဗုဒ္ဓဃောသအား အဖွင့် ကျမ်း တစ်ကျမ်း ရေးသားခိုင်းသည်။ ရှင်မဟာဗုဒ္ဓဃောသသည် ယင်းဂါထာ နှစ်ပုဒ်၏ အဖွင့်အဖြစ် 'ဝိသုဒ္ဓိမဂ်'ကျမ်းကို ရေးသားသည်။ 'ဝိသုဒ္ဓိမဂ်' သည် ဂါထာ နှစ်ပုဒ်ကို ဖွင့်ဆိုထားခြင်းဖြစ်သော်လည်း စင်စစ်အားဖြင့် ရှင်မဟာဗုဒ္ဓဃောသ၏ ပင်ကိုရေးကျမ်းပင်ဖြစ်သည်။ ဗုဒ္ဓဒေသနာ သို့မဟုတ် ဗုဒ္ဓနည်းကျ ဝိပဿနာနှင့် စပ်လျဉ်း၍ အရေးကြီးသော အကြောင်းအရာ မှန်သမျှ 'ဝိသုဒ္ဓိမဂ်'၌ ကျန်နေသည်ဟူ၍မရှိပေ။ ထို့ကြောင့် 'ဝိသုဒ္ဓိမဂ်' ကို ဗုဒ္ဓတရားဒေသနာတော်၏ စွယ်စုံကျမ်းကြီးဟူ၍ ခေါ်ထိုက်သည်။

ရှင်မဟာဗုဒ္ဓဃောသ၏ ပညာအရည်အချင်းကို ကျေနပ်အားရသွား ကြသောအခါ မဟာဝိဟာရဝါသီ သီဟိုဠ် ရဟန်းသံဃာများသည် မိမိတို့ သိုမှီးသိမ်းဆည်းထားသော ဆင်ဂလီအဋ္ဌကထာများကို ရှင်မဟာဗုဒ္ဓဃောသ အား ကြည့်ရှုလေ့လာခွင့် ပြုလိုက်သည်။

တတိယသင်္ဂါယနာတင်အပြီး လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ ရှင်မဟာ မဟိန္ဒ သာသနာပြု ကြွသောအခါ တတိယသင်္ဂါယနာတွင် သတ်မှတ် အတည်ပြုသော ပိဋကတ်နှင့် အဖွင့်ကျမ်းများကို လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ ဆောင်ကြဉ်းသွားသည်။ လင်္ကာဒီပသို့ရောက်ပြီး မကြာခင်မှာပင် ရှင်မဟာ မဟိန္ဒသည် သူဆောင်ကြဉ်းလာခဲ့သော ပိဋကတ်နှင့် အဖွင့်ကျမ်းများကို ဆင်ဂလီဘာသာ ပြန်ဆိုသည်။ ယင်း ဆင်ဂလီဘာသာပြန်များကို သီဟိုဠ် ကျွန်း ရဟန်းသံဃာတော်အဆက်ဆက် လေ့လာသင်ကြားလာခဲ့ကြသည်။ ရှင်မဟာဗုဒ္ဓဃောသ လင်္ကာဒီပသို့ ရောက်ချိန်၌ကား ဆရာစဉ်ဆက် ဆင်း သက်လာခဲ့သော ယင်း ဆင်ဂလီဘာသာ ပိဋကတ် အဖွင့်အဋ္ဌကထာများ သည် ပေထက်အက္ခရာလည်း တင်ပြီးနေပြီဖြစ်၍ စုစုစည်းစည်း ကျမ်း တစ်စောင် ပေတစ်ဖွဲ့အနေဖြင့် အသီးသီးရှိနေကြပြီ။

mgyoe.com

ရှင်မဟာဗုဒ္ဓဃောသတွင် သူ၏ လုပ်ငန်းအတွက် အထောက်အထား ပြုစရာ၊ မှီငြမ်းစရာ ဆင်ဂလီဘာသာ အဋ္ဌကထာကျမ်းများ တစ်ပွေ့တစ်ပိုက်ကြီး ရှိနေပြီ။ ဇမ္ဗူဒိပ်ကျွန်းမှ ထွက်ခွာလာစဉ် သူ၏ရည်ရွယ်ချက်မှာ ဆင်ဂလီ အဋ္ဌကထာများကို ပါဠိ သို့မဟုတ် မဂဓဘာသာဖြင့် ပြန်ဆိုရေးသားရန် သက်သက်သာ ဖြစ်သည်။ သို့သော်လည်း ယခု ဆင်ဂလီ အဋ္ဌကထာများကို လေ့လာကြည့်သောအခါ ယင်းအဋ္ဌကထာကျမ်းများ၌ တစ်ခုနှင့်တစ်ခု မတူ ကွဲပြားခြားနားနေကြသော အယူအဆများကိုလည်းကောင်း၊ ညီညွတ်ခြင်း မရှိသော အဆိုအမိန့်များကိုလည်းကောင်း တွေ့ရသည်ဖြစ်၍ ဘာသာပြန်ရုံ သက်သက် ဟူသည့် သူ၏ရည်ရွယ်ချက်ကို ပြောင်းလဲလိုက်ပြီးလျှင် အဋ္ဌကထာ ဟောင်းများ၏ မိန့်ဆိုချက်များကို အကျဉ်းရုံးလို ရုံး၊ အကျယ်ချဲ့လို ချဲ့၊ ချန်ထားလို ချန်ထားခြင်း စသည်များကို ပြုလုပ်ပြီးလျှင် မိမိ၏ကိုယ်ပိုင် အဋ္ဌကထာများကို ရေးသားပြုစုလေတော့သည်။ 'ဝိသုဒ္ဓိမဂ်' ကဲ့သို့သော ကျမ်းမျိုးကို ရေးသားပြုစုထားသော ပညာရှင် ပုဂ္ဂိုလ်တစ်ယောက်သည် ဘာသာပြန်ရုံသက်သက်ဖြင့် ကျေနပ်တင်းတိမ်နေနိုင်ပါမည်လော။

ရှင်မဟာဗုဒ္ဓဃောသသည် 'သမန္တပါသာဒိကာ' အမည်ဖြင့် ဝိနည်း ပိဋကတ် အဖွင့်ကထာကိုလည်းကောင်း၊ 'ကင်္ခါ ဝိတရဏီ' အမည်ဖြင့် ပါတိမောက် အဖွင့် အဋ္ဌကထာကိုလည်းကောင်း၊ 'သုမင်္ဂလ ဝိလာသိနီ' အမည်ဖြင့် သံယုတ္တနိကာယ် အဖွင့်အဋ္ဌကထာကိုလည်းကောင်း၊ 'ပပဉ္စသူဒနီ' အမည်ဖြင့် မဇ္ဈိမနိကာယ် အဖွင့် အဋ္ဌကထာကိုလည်းကောင်း၊ 'သာရတ္ထပကာသနီ'အမည်ဖြင့် သံယုတ္တနိကာယ် အဖွင့်အဋ္ဌကထာကို လည်းကောင်း၊ 'မနောရထ ပူရဏီ'အမည်ဖြင့် အင်္ဂုတ္တရနိကာယ် အဖွင့် အဋ္ဌကထာကိုလည်းကောင်း၊ 'ပရမတ္ထဇောတိကာ'အမည်ဖြင့် ခုဒ္ဒက နိကာယ်၊ ခုဒ္ဒကပါဌနှင့် သုတ္တနိပါတ်အဖွင့် အဋ္ဌကထာကိုလည်းကောင်း၊ 'အဋ္ဌသာလိနီ'အမည်ဖြင့် ဓမ္မသင်္ဂဏီအဖွင့် အဋ္ဌကထာကိုလည်းကောင်း၊ 'သမ္မောဟဝိနောဒနီ' အမည်ဖြင့် ဝိဘင်းအဖွင့် အဋ္ဌကထာကိုလည်း ကောင်း၊ 'ပဥ္စပ္ပကာရဏဋ္ဌကထာ'အမည်ဖြင့် ဓမ္မသင်္ဂဏီနှင့် ဝိဘင်းမှ တစ်ပါး ကျန်အဘိဓမ္မာငါးကျမ်း၏ အဖွင့် အဋ္ဌကထာကျမ်းများကိုလည်း ကောင်း၊

mgyoe.com

mgyoe.com


'ဇတာက အဋ္ဌကထာ'၊ 'ဓမ္မပဒအဋ္ဌကထာ'နှင့် တခြားကျမ်းများကို လည်းကောင်း ရေးသားပြုစုသည်။

ရှင်မဟာမဟိန္ဒ ခေတ်နှင့် ရှင်မဟာဗုဒ္ဓဃောသ ခေတ်ကစပြီး လင်္ကာဒီပ သိင်္ဃိုဠ်ကျွန်း သာသနာသမိုင်းတစ်လျှောက် ထေရဝါဒ ဗုဒ္ဓသာသနာ အစရိယပရမ္ပရအရ ဆင်းသက်လာခဲ့သော အနုရာဓပူရရှိ မဟာ ဝိဟာရ ကျောင်းတိုက်သည် ကျွန်ုပ်တို့နေထိုင်ရာ ဂါမဝါသီ ဝိဟာရကျောင်းတိုက် ကြီး ဖြစ်လာသည်။ မဟာဝိဟာရကျောင်းတိုက်၌ ကျွန်ုပ်နေထိုင် သီတင်း သုံးနေစဉ် ကာလအတွင်း ရာမညရဋ္ဌမှ ရဟန်း ဆပ္ပဒ၊ ကမ္ဘောဇပြည်မှ ရဟန်း တာမလိန္ဒ၊ တာမရလိပ္ပတိမှ ရဟန်း သီဝလိ၊ ကဉ္စိပူရမှ ရဟန်း အာနန္ဒာတို့လည်း မဟာဝိဟာရကျောင်းတိုက်သို့ ရောက်ရှိလာကြသည်။ ကျွန်ုပ်သည် ယင်း ရဟန်းလေးပါးနှင့်လည်း သီတင်းသုံးဖော်ဖြစ်သွားသည်။

❒

mgyoe.com

mgyoe.com

# သီဝလိ

ကျွန်ုပ်၏ ဘွဲ့အမည်မှာ 'သီဝလိ' ဟု ခေါ်သည်။ မြတ်စွာဘုရား လက်ထက်တော်အခါက သီဝလိဘွဲ့အမည်ဖြင့် ထင်ရှားကျော်ကြားသော မြတ်စွာဘုရား၏ တပည့်သာဝကတစ်ပါး ရှိသည်။ သီဝလိမထေရ်သည် အလှူဒါန လက်ခံရရှိသည့်နေရာ၌ ထူးခြားသော ရဟန်းပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်ဟု မြတ်စွာဘုရား ကိုယ်တော်တိုင် ကြေညာထားခြင်းခံရသော မထေရ် ဖြစ်သည်။ မြတ်စွာဘုရားသည် ခဒိရဝနိယရေဝတသို့ ကြွသွားတော်မူသောအခါ လမ်းခရီး၌ ဆွမ်းဘောဇဉ် အခက်အခဲ တွေ့နိုင်သောကြောင့် သီဝလိမထေရ်ကို ခေါ်ဆောင်သွားခဲ့သည်။

သီဝလိမထေရ်သည် မိမိ၏ ဘုန်းကံနှင့်ပတ်သက်၍ စမ်းသပ်ကြည့်လိုသည့်အတွက် ရဟန်းသံဃာငါးရာနှင့် အတူတကွ ဟိမဝန္တာသို့ ကြွသွားတော်မူသည်။ နတ်ဒေဝတာများက သီဝလိမထေရ်နှင့် ရဟန်းသံဃာ ငါးရာ တို့အား ဆွမ်းဘောဇဉ် ချို့တဲ့ခြင်းမရှိအောင် စီစဉ်ပေးကြသည်။ ဂန္ဓမာဒနတောင်တွင် နာဂဒတ္တ အမည်ရှိသော နတ်ဒေဝတာတစ်ပါးက သီဝလိမထေရ်နှင့် ရဟန်းသံဃာများအား ရက်သတ္တတစ်ပတ်ကြာမျှ နို့ဆွမ်း ဆက်ကပ်သည်။ ထို့ကြောင့် ဘုန်းကံကြီးလိုသူများသည် သီဝလိမထေရ်၏ ရုပ်တုကို ထုလုပ် ကိုးကွယ်ကြသည်။

mgyoe.com

mgyoe.com


သီဝလိမထေရ်၏ ဘွဲ့အမည်ကိုယူ၍ ကျွန်ုပ်၏ ဘွဲ့အမည်ကိုလည်း သီဝလိဟု မှည့်ခေါ်ထားသည်။ ကျွန်ုပ်ကဲ့သို့ပင် မြတ်စွာဘုရားလက်ထက်က ထင်ရှားကျော်ကြားသော အဂ္ဂသာဝက မဟာသာဝက၊ ပကတိသာဝက ရဟန္တာအရှင်မြတ်များ၏ ဘွဲ့အမည်ကိုယူ၍ မိမိတို့၏ ဘွဲ့အမည် မှည့်ခေါ် ထားကြသော ရဟန်းသံဃာများ ရှိကြသည်။ ကျွန်ုပ်တို့ သီတင်းသုံးဖော် ငါးပါးထဲ၌ပင် မြတ်စွာဘုရားလက်ထက်တော်အခါက ထင်ရှားရှိခဲ့သော ရဟန္တာအရှင်မြတ်များ၏ ဘွဲ့အမည်နာမည်ကိုယူ၍ မိမိတို့၏ ဘွဲ့အမည်မှည့် ခေါ်ထားကြသော အခြားရဟန်းတော်နှစ်ပါးလည်း ရှိသည်။ ယင်းရဟန်း တော်နှစ်ပါးက ကဋ္ဌိပူရမှ အာနန္ဒာ၊ လင်္ကာဒီပမှ ရာဟုလတို့ ဖြစ်ကြသည်။

ကျွန်ုပ်၏ဇာတိကား တာမရလိပ္ပတိ ဖြစ်သည်။ တာမရလိပ္ပတိ အကြောင်းကို 'သမန္တာပါသာဒိက' ခေါ် ဝိနည်း ပိဋကတ် အဋ္ဌကထာ၌ ဖော်ပြထားသည်။ ကျွန်ုပ်၏ ဇာတိဖြစ်သော တာမရလိပ္ပတိသည် သာသနာ ဝင်၌ အထူးအရေးပါခဲ့သော ဌာနတစ်ခုဖြစ်ခဲ့သည်။ အသောကဘုရင် မင်းတရားကြီး၏ သမီးတော် သင်္ဃမိတ္တာထေရီသည် တာမရလိပ္ပတိ သင်္ဘောဆိပ်မှ လှေနာဝါစီးလျက် လင်္ကာဒီပသို့ ဗောဓိပင်၏ လက်ယာ တောင်ကိုင်းကို ပင့်ဆောင်သွားသည်။ သင်္ဃမိတ္တာထေရီ ဗောဓိပင်၏ လက် ယာတောင်ကိုင်းကို လင်္ကာဒီပသို့ ပင့်ဆောင်သွားခြင်းသည် သာသနာဝင်၌ ရင်သပ်ရှုမော အံ့သြဖွယ် အဖြစ်အပျက်တစ်ခု ဖြစ်သည်။

✣

ပါဋလိပုတ်နေပြည်တော် ဂင်္ဂါဆိပ်ကမ်း၌ ရဟန်းရှင်လူ ပြည်သူအများ ပျားပန်းခတ်မျှ စည်ကားနေသည်။ ယနေ့ မဂဓပြည့်ရှင်ဘုရင် အသောက သူ၏ အကြည်တော် လင်္ကာဒီပ ဘုရင်မင်းကြီးထံ ဓမ္မလက်ဆောင် ဗောဓိပင် ကိုင်း ပို့မည့်နေ့ဖြစ်သည်။ ဗောဓိကိုင်းကို သယ်ဆောင်သွားမည့်သူမှာ လင်္ကာ ဒီပ၌ ဘိက္ခုနီသာသနာ ဖြန့်ဖြူးရန်သွားမည့် သင်္ဃမိတ္တာထေရီ ဖြစ်သည်။

မဟာဗောဓိပင်မှ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်း တစ်ကိုင်း ကို ရတနာ ရွှေဖျဉ်းဖလားတွင် စိုက်ထူထားသည်။ ဘုရင် အသောကသည်

mgyoe.com

mgyoe.com


နောက်လိုက်နောက်ပါ ဗိုလ်ပါများစွာ ရံလျက် မဟာဗောဓိကိုင်းကို ပင်ရင်းဌာန ဗုဒ္ဓဂယာမှ ပါဋ္ဌလိပုတ်နေပြည်တော်သို့ ပင့်ဆောင်လာသည်။ ပါဋ္ဌလိပုတ် နေပြည်တော်ရောက်သောအခါ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် မဟာဗောဓိ လက်ယာတောင်ကိုင်းကို ရှိခိုးပူဇော်ကြသည်။

ယနေ့ကား မဟာဗောဓိကိုင်းကို လင်္ကာဒီပသို့ အပြီးအပိုင် ပို့မည့်နေ့ ဖြစ်၍ မဟာဗောဓိကိုင်းကို ပင့်ဆောင်လာသည့် လမ်းတစ်လျှောက်၌လည်းကောင်း၊ ဂင်္ဂါမြစ်ဆိပ်၌လည်းကောင်း လူထုအစုအဝေးကြီးသည် တိုးမပေါက်အောင် ဖြစ်နေသည်။ ပရိသတ်များ လက်ယှက် ရှိခိုးနေသည့်ကြားမှပင် သင်္ဃမိတ္တာထေရီက ဗောဓိပင်ကို လှေနာဝါပေါ် ပင့်ဆောင်သွားသည်။ ဗောဓိပင်နှင့် သင်္ဃမိတ္တာထေရီကို လိုက်ပို့ကြသည့် လူထုပရိသတ်ကြီးသည် ကမ်းလုံးညွတ်မျှ ရှိနေပြီး မျက်စိအောက်က လှေနာဝါပျောက်ကွယ် မသွားမချင်း ဂင်္ဂါဆိပ်ကမ်းမှ မခွာကြပေ။

ထေရီနှင့် ဗောဓိပင်၏ ခရီးစဉ်မှာ ပါဋ္ဌလိပုတ် ဂင်္ဂါမြစ်ဆိပ်မှ ဂင်္ဂါမြစ်ကြောင်းအတိုင်း ပင်လယ်ဆိပ်ကမ်း တာမရလိပ္ပတိသို့ သွားမည်။ တာမရလိပ္ပတိဆိပ်ကမ်းမှ တစ်ဖန် ပင်လယ်သမုဒ္ဒရာကိုဖြတ်၍ လင်္ကာဒီပရှိ ဇမ္ဗုကောလပဋ္ဋန ဆိပ်ကမ်းသို့ သင်္ဘောဖြင့် သွားမည်။

ပါဋ္ဌလိပုတ်မှ ပင်လယ်ဆိပ်ကမ်း တာမရလိပ္ပတိသို့ ရေလမ်း၊ ကုန်းလမ်း နှစ်လမ်းလုံးမှပင် သွား၍ရသည်။ တာမရလိပ္ပတိဆိပ်ကမ်းသို့ ပါဋ္ဌလိပုတ်မှ ဂင်္ဂါမြစ်ကြောင်းအတိုင်း ရေလမ်းမှလည်း ခရီးသွားကြသည်။ ပါဋ္ဌလိပုတ်နှင့် တာမရလိပ္ပတိအကြား၌ ကုန်းလမ်းလည်းရှိသည်။ တာမရ လိပ္ပတိမှလာသော ကုန်းလမ်းတစ်လမ်းသည် ဂယာကိုဖြတ်လျက် ဗာရာဏသီ အထိပေါက်သည်။ ယင်းကုန်းလမ်းသည် ရာဇဂြိုဟ်မှ ဂန္ဓာရတိုင်း သက္ကသီလာအထိလည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်ဘက်တိုင်းနိုင်ငံများနှင့် အာရှအလယ်ပိုင်းအထိလည်းကောင်း ပေါက်သော လမ်းမကြီးနှင့် ဆက်စပ်နေသည်။ ဇမ္ဗူဒိပ်မှ ကုန်သည်များသည် ယင်းလမ်းမကြီးအတိုင်း သွားကြပြီးလျှင် တာမရလိပ္ပတိ ပင်လယ်ဆိပ်ကမ်းမှ ပင်လယ်သမုဒ္ဒရာကိုဖြတ်လျက် မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့လည်းကောင်း၊ စိနရဋ္ဌခေါ် တရုတ်ပြည်သို့လည်း

mgyoe.com

mgyoe.com


ကောင်း၊ လင်္ကာဒီပသို့လည်းကောင်း၊ အခြားတိုင်းပြည်များသို့လည်းကောင်း အရောက်သွားကြပြီးလျှင် ကူးသန်းရောင်းဝယ်မှု ပြုလုပ်ကြသည်။

သင်္ဃမိတ္တာထေရီ စီးနင်းလိုက်ပါလာသည့် လှေသင်္ဘောသည် ခုနစ်ရက် အကြာတွင် ဂင်္ဂါမြစ်ဝ ပင်လယ်ဆိပ်ကမ်း တာမရလိပ္တတိ ဆိုက်ရောက်လာသည်။ ဘုရင်အသောကသည် ဗောဓိပင်မြတ်နှင့် သမီးတော် သင်္ဃမိတ္တာထေရီကို ဂင်္ဂါမြစ်ဆိပ်အထိ လိုက်ပို့ရုံနှင့် အားမရပေ။ တာမရလိပ္တတိ ပင်လယ်ဆိပ်ကမ်းအထိ လိုက်လာသည်။ သို့သော် ဘုရင်မင်းကြီးသည် တာမရလိပ္တတိသို့ ရေလမ်းက မသွားဘဲ ကုန်းလမ်းက သွားသည်။ ဘုရင်မင်းကြီးလည်း ခုနစ်ရက်အကြာ၌ တာမရလိပ္တတိသို့ ဆိုက်ရောက်လာသည်။

ဗောဓိပင် တင်ဆောင်သွားသော သင်္ဘော ကမ်းမှ မခွာမီ ဘုရင်မင်းကြီးသည် ဗောဓိပင်ကို နောက်ဆုံး ရှိခိုးပူဇော်ခြင်းဖြင့် ရှိခိုးပူဇော်သည်။ သမီးတော် သင်္ဃမိတ္တာထေရီကို မိဘ၏ ချစ်ခြင်းမေတ္တာဖြင့် လည်းကောင်း၊ သာသနာ့ဒါယကာ၏ ကြည်ညိုသဒ္ဓါဖြင့်လည်းကောင်း နောက်ဆုံး ကြည့်ရှု ဖူးမြော်သည်။

ဘုရင်မင်းကြီး ရှိခိုးပူဇော် ဖူးမြော်ကန်တော့နေစဉ်မှာ သင်္ဘောကြီး၏ ကျောက်ဆူးကို ဖြုတ်လိုက်သည်။ သင်္ဘောကြီး ကမ်းမှ ခွာလေပြီ။ ဘုရင်မင်းကြီးသည် စိတ် အထူး ထိခိုက် တုန်လှုပ်သွားသည်။ သင်္ဘောနံပါးကို ကိုင်ထားသည့် သူ၏လက်ကို မလွှတ်သေးဘဲ လည်ပင်း ရေမြုပ်သည်အထိ ရေထဲဆင်းလိုက်သွားသည်။ သို့သော် ဘုရင်မင်းကြီးသည် သင်္ဘောကြီးကို ဖမ်းကိုင်ထား၍ မရတော့ပေ။ ဆိပ်ကမ်းမှ တဖြည်းဖြည်း ဝေးကွာသွားသော သင်္ဘောရှိရာသို့ မျှော်ကြည့်နေသည်။ သင်္ဘောကြီးသည် ကောင်းကင်နှင့် ရေပြင်ဆက်နေသော မိုးကုပ်စက်ဝိုင်းထဲ၌ ကြီးရာမှ ငယ်၊ ငယ်ရာမှ တဖြည်းဖြည်း သေးသွားလေရာ နောက်ဆုံး မျက်စိအောက်မှာပင် ပျောက်ကွယ်သွားသည်။ အသောကမင်းကြီး၏ ပါးပြင်မှ မျက်ရည်တစ်ပေါက် လိမ့်ဆင်းလာသည်။ မျက်ရည်ပေါက်သည် ပင်လယ်ရေပြင်ပေါ် ကျသွားပြီး ပင်လယ်ရေနှင့် ရောနှောသွားပြီးလျှင် မိဘမေတ္တာသည် အနန္တော အနန္တ ဖြစ်သည်ဟူသော အနက်အဓိပ္ပာယ်ကို ဆောင်သွားလေသည်။

✣

mgyoe.com

mgyoe.com

ဇမ္ဗူဒိပ်ကျွန်းမှ လူများ တာမရလိပ္ပတိ သင်္ဘောဆိပ်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာသွားသောအကြောင်းကို ဇာတကစာပေများ၌ ထည့်သွင်း ဖော်ပြထားသည်။

ဝိဒေဟာဘုရင်သည် တိုက်ပွဲတွင် ကျဆုံးသွားသည်။ မိဖုရား စမ္ပါတိမ်းရှောင် ထွက်ပြေးသွားသည်။ အရွယ်ရောက်သောအခါ သားတော်က သူ့မိခင်အား "မိခင်ပိုင်ဆိုင်တဲ့ ဥစ္စာဓနတစ်ဝက် ကျွန့်ပ်ကို ခွဲပေးပါ။ ကျွန့်ပ် သုဝဏ္ဏဘူမိသွားပြီး ဥစ္စာဓနများစွာရအောင် ကြိုးစားအားထုတ်ပြီးတော့ ပြန်လာတဲ့အခါ မိဘများ၏ ဥစ္စာဓနကို ပြန်ပေးပါမည်"ဟု ပြောသည်။ အခြားတစ်နေရာ၌လည်း ဗာရာဏသီ အနီးအနား၌ရှိသော လက်သမား ရွာတစ်ရွာ၏အကြောင်း ဖော်ပြထားသည်။ ယင်းလက်သမားရွာမှ ရွာသူရွာသားများသည် သုဝဏ္ဏဘူမိ၏သတင်းကို ကြားသိရသောအခါ သုဝဏ္ဏဘူမိသို့ သွားလိုသော ဆန္ဒပြင်းပြင်းထန်ထန် ပေါ်ပေါက်လာကြသည် ဖြစ်၍ ရွာသူရွာသား ထောင်ပေါင်းများစွာတို့သည် တောအတွင်းရှိ သစ်ပင်ကြီးများကို ခုတ်လျက် လှေသင်္ဘောကြီးများကို ပြုလုပ်ကြပြီးလျှင် မိသားစုများနှင့်အတူ ဂင်္ဂါမြစ်ကြောင်းမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာကို ဖြတ်လျက် သုဝဏ္ဏဘူမိသို့ သွားကြသည်။ သုဝဏ္ဏဘူမိ ရောက်သောအခါ တောများကို ခုတ်ထွင် ရှင်းလင်းပြီးလျှင် ကောက်ပဲသီးနှံများနှင့် ကြံပင်၊ ငှက်ပျောပင်၊ သရက်ပင် စသော သီးပင်များ စိုက်ပျိုးပြီး အခြေတည်နေကြသည်။

'ဗြိဟတ်ကထာ'၊ ဇာတကဝတ္ထုများအပြင် ဂျိန်းစာပေဝတ္ထုများ၌လည်း ပင်လယ်ခရီးအကြောင်း အများအပြား ရေးသားဖော်ပြထားသည် (၈) ရာစုနှစ်က ပရိဘဒ္ဒပူရိ အမည်ရှိသော ပုဂ္ဂိုလ်သည် သူ၏ 'သမရာဒိတျကထာ'အမည်ရှိဝတ္ထု၌ စိတ်ပါဝင်စားဖွယ် ပင်လယ်ခရီးအကြောင်း ရေးသားဖော်ပြထားသည်။

ဇမ္ဗူဒိပ်ကျွန်း၌ သုသမ္မအမည်ရှိ မြို့တစ်မြို့ရှိသည်။ သုသမ္မမြို့၌ ဝေသဝဏ္ဏအမည်ရှိ သူကြွယ်တစ်ဦးရှိသည်။ ဝေသဝဏ္ဏသည် မရှိဆင်းရဲသား ခိုကိုးရာမဲ့များအပေါ်တွင်လည်း ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားသူတစ်ဦး ဖြစ်သည်။ သူ၏ သီရိဒေဝီအမည်ရှိ ဇနီးတွင် ဓနက အမည်ရှိ သားတစ်ယောက် ရှိသည်။ ဓနကကို ဓနသီရိ အမည်ရှိ မိန်းကလေးတစ်

mgyoe.com

mgyoe.com


ယောက်နှင့် လက်ထပ်ထိမ်းမြားထားသည်။ ထိုမြို့၌ပင် သမိဒ္ဓိဒတ္တအမည်ရှိ အခြားကုန်သည်တစ်ဦး၏ သားလည်းရှိသည်။ သမိဒ္ဓိဒတ္တသည် ပြည်တွင်း ပြည်ပ ဒေသအများအပြား၌ ကုန်စည် ကူးသန်းရောင်းဝယ်မှု ပြုလုပ်သော ကြောင့် ကြွယ်ဝချမ်းသာသူတစ်ဦး ဖြစ်လာသည်။ သမိဒ္ဓိဒတ္တသည် မိမိ ရှာဖွေစုဆောင်း ရရှိသော ဥစ္စာနေများကို ဆင်းရဲသူဆင်းရဲသား ခိုကိုးရာမဲ့ များအား ပေးကမ်းလှူဒါန်းသည်။ သမိဒ္ဓိဒတ္တ၏ ပေါများကြွယ်ဝသော စည်းစိမ်ဥစ္စာကို တွေ့မြင်ရသောအခါ ဓနကသည် မခံချင်စိတ် ဖြစ်ပေါ်လာ သည်။ သူ၏ တပည့် နန္ဒက အကျိုးအကြောင်း မေးမြန်းသောအခါ ဓနက က ရင်ဖွင့်သည်။ ထိုအခါ နန္ဒက က "ခင်ဗျားမှာလည်း မိဘအမွေအနှစ် ရထားတဲ့ ပစ္စည်းဥစ္စာတွေ ရှိတယ် မဟုတ်လား။ ခင်ဗျား ဘာကြောင့် စိတ်မချမ်းမသာ ဖြစ်နေရသလဲ"ဟု ပြောသည်တွင် ဓနကက "မိဘ ဘိုးဘွားတွေ ရှာမှီးထားတဲ့ ပစ္စည်းဥစ္စာတွေကို စကားထဲထည့်ပြီးပြောလို့ ဘယ်မှာ ဖြစ်ပါ့မလဲ။ ဆင်းရဲသူဆင်းရဲသား ခိုကိုးရာမဲ့များအား မိမိလက်ရုံး နှစ်ဖက်နှင့် လုပ်ကိုင်ရှာဖွေထားတဲ့ ဥစ္စာနေကို ပေးလှူမှသာ မှန်ကန် မွန်မြတ်တဲ့ အလှူဒါနဖြစ်တယ်။ ကျုပ်ဖခင်ကို မေးကြည့်စမ်းပါ။ ကျုပ် တစ်ပြည်ရပ်ခြားထွက်ပြီး ကူးသန်းရောင်းဝယ် ဖောက်ကားတဲ့ အလုပ်ကို လုပ်ပြီး ပစ္စည်းဥစ္စာရအောင် ရှာဖွေမယ်"ဟု ပြောပြသည်။ နန္ဒက သူကြွယ် ကြီးအား ပြောပြသောအခါ သူကြွယ်ကြီးက ခွင့်ပေးသည်။ ဓနကသည် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီးလျှင် "ဓနက အမည်ရှိတဲ့ သူကြွယ်သားသည် တာမိလိတ္တိဆိပ်ကမ်းမြို့ကို သွားမည်။ သူနှင့် လိုက် လိုသောသူများ လိုက်နိုင်ကြသည်။ လိုက်လိုသူများ ခရီးသွားဖို့အတွက် ရိက္ခာနှင့် ပစ္စည်းဥစ္စာ၊ စီးပွားဥစ္စာ အလိုရှိပါက ပေးမည်"ဟု ကြေညာလိုက် သည်။

ဓနကနှင့် သူ၏အဖော်များ ခရီးထွက်မည်လုပ်သောအခါ ဓနက ဇနီးဖြစ်သူ ဓနသီရိကလည်း သူပါလိုက်ပါရစေဟု အကြောက်အကန်ပြော သည့်အတွက် ဓနက က သူ၏ ဇနီးကိုလည်း ခေါ်သွားသည်။ ထိုအချိန် ၌ မိခင်ဖြစ်သူရောက်ရှိလာပြီး သူ၏သားကို ပြောပြသည်။ "သား၊ တစ်ပြည်

mgyoe.com

mgyoe.com

ရပ်ခြားမှာ နေရတယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ တစ်ပြည်ရပ်ခြား ရောက်သွားရင် တစ်ဦးနှင့် တစ်ဦး တွေ့ဆုံကြုံကြိုက်ဖို့ဆိုတာ အင်မတန် ခဲယဉ်းတယ်။ စီးပွားဥစ္စာ ရှာဖွေတဲ့နေရာမှာလည်း ဒုက္ခမျိုးစုံ ကြုံရတတ်တယ်။ သားဟာ တစ်ပြည်ရပ်ခြားထွက်ပြီး စီးပွားဥစ္စာ ရှာဖွေနိုင်တဲ့ အရည်အချင်းတွေ ရှိတယ်ဆိုတာ အမေသိတယ်။ ဒါပေမဲ့ အမေ သတိပေးလိုက်ပါရစေ။ တစ်ပြည်ရပ်ခြားရောက်တဲ့အခါ ခမာဆိုတဲ့ သည်းခံခြင်း စတဲ့ ဂုဏ်အရည်အချင်းများကို ထူးထူးခြားခြား သတိပြုရလိမ့်မယ်။ သားတို့သတင်းကိုလည်း အမေတို့ထံ မကြာခဏပေးပို့နေဖို့ မမေ့ပါနှင့်'' ဓနကသည် မိခင်၏စကားကို မြေဝယ်မကျ နာယူပြီး ခရီးထွက်လာခဲ့သည်။

နှစ်လကြာသောအခါ သင်္ဘောဆိပ်မြို့ တာမရလိပ္ပတိသို့ ရောက်သွားကြသည်။ ဓနကသည် တာမရလိပ္ပတိ၏ ဘုရင်နှင့် သွားတွေ့သောအခါ ဘုရင်က ဓနကကို ဧည့်ခံဂုဏ်ပြုသည်။ ဓနကသည် သူ၏ ကုန်ပစ္စည်းများကို ရောင်းချသည်။ သို့ရာတွင် မျှော်လင့်ထားသလောက် အကျိုးကျေးဇူး မရှိသောကြောင့် ''မစွန့်စားဘဲနှင့် လက္ခမီနတ်သမီးနှင့် တွေ့ဖို့လွယ်မှာမဟုတ်၊ ပင်လယ်ခရီးထွက်မှ ဖြစ်လိမ့်မည်''ဟု ကြံစည်ပြီးလျှင် သူ၏ တပည့်နှင့် ဇနီးမယားအား အကျိုးအကြောင်း ပြောပြသည်။ သူ၏ တပည့်နှင့် ဇနီးမယားက သူ၏ အကြံကို လက်ခံသဘောတူသည်ဖြစ်၍ ဓနကသည် တစ်ပြည်ရပ်ခြား သွားရောင်း၍ရမည့် ကုန်ပစ္စည်းများကို ဝယ်ယူပြီးလျှင် သင်္ဘောလိုက်ရှာသည်။

ထိုအတောအတွင်း လင်ယောကျ်ားအပေါ် မကောင်းကြံနေသော ဓနသိရီသည် တပည့်ဖြစ်သူအား ''ငါတို့ တခြား ထွက်သွားကြမယ်။ ပင်လယ်ခရီးသွားလို့ ဘာကျေးဇူးရှိမှာလဲ''ဟု ပြောသည်။ နန္ဒကသည် ဆရာ့အပေါ်တွင် သစ္စာစောင့်သိသူ ဖြစ်သည်။ ဆရာဖြစ်သူနှင့် မလိုက်ဘဲ နောက်ချန်နေခဲ့ဖို့ သဘောမတူပေ။ သင်္ဘော အဆင်သင့်ရှိလာသောအခါ သင်္ဘောပေါ်သို့ ကုန်ပစ္စည်းများကို တင်သည်။ နေ့ကောင်းရက်သာ ရွေးလျက် ဓနကသည် သင်္ဘောဆိပ် ရောက်လာသည်။ ပထမဦးစွာ ဆင်းရဲသူဆင်းရဲသားများနှင့် ခိုကိုးရာမဲ့များအား ငွေကြေးဖြန့်ဝေပေးသည်။ ထို့နောက်

mgyoe.com

mgyoe.com

ပင်လယ်နတ်ကိုလည်းကောင်း၊ သင်္ဘောကိုလည်းကောင်း ရှိခိုးပူဇော်ပြီးလျှင် တပည့်တပန်းများနှင့်အတူ သင်္ဘောပေါ်တက်သည်။ ကျောက်ဆူးဖြုတ်ပြီးလျှင် ကမ်းက ခွာလျက် ရွက်လွှင့်ပြီး ပင်လယ်ခရီး ထွက်လာခဲ့ကြသည်။ လိပ်များ၊ ငါးမန်းများ အပြည့်ရှိနေသော ပင်လယ်ထဲ သင်္ဘောရွက်လွှင့်သွားသည်။ ခရုသင်းများ အပြည့်ရှိနေသော ပင်လယ်သမုဒ္ဒရာသည် အလွန်တရာနက်သည်။ လှိုင်းပေါ်တွင် ခုန်တက်လာသော ရေမြှုပ် ရေပွားများသည် ပင်လယ်ထဲတွင် လှည့်လည်သွားလာနေကြသော မိုးတိမ်နှင့်တူသည့် ဆင်များ၏ရန်ဘက် ဆင်ဖြူတော်သဖွယ် ထင်နေရသည်။ ရေသည် တချို့နေရာ၌ စိမ်းသည်။ တချို့နေရာ၌ ညစ်ပုပ်ပုပ်ဖြစ်နေသည်။ တချို့နေရာ၌ မြစိမ်းရောင်ထနေသလားဟု ထင်နေရသည်။ တချို့နေရာ၌ လေတိုက်ခတ် ဆောင်ကြဉ်းသွားသော ရေမှုန်ရေမွှားများသည် ကမ်းပါး၌ရှိသော ထန်းတောများအထိ လွင့်သွားကြသည်။ တချို့နေရာ၌ သန္တာကျောက်မှ ထွက်သော အရောင်များဖြင့် ပင်လယ်သမုဒ္ဒရာသည် ရွှေရောင်တောက်နေသည်။

နေ့ရက်ပေါင်းများစွာ ကျော်လွန်သွားသောအခါ ဓနသီရိသည် သူ၏ လင်ယောက်ျားအား အဆိပ်ရောထားသောထမင်းကို ကျွေးသည်။ ဓနက၏ ကိုယ်ခန္ဓာတွင် အဆိပ်အာနိသင် တန်ခိုးပြလေတော့သည်။ ဝမ်းဗိုက် ဖောင်းလာသည်။ လက်မောင်းနှစ်ဖက် ရှုံ့တွလာသည်။ မျက်နှာဖော‌ရောင်လာသည်။ ပေါင်နှစ်ဖက်၌ အဖုအပိန့်များ ထွက်လာသည်။ လက်နှင့်ခြေ မသယ်ချင်အောင် ဖြစ်လာသည်။ အစားအသောက် ပျက်လာသည်။ဓနကသည် မချိတင်ကဲဖြစ်နေ၍ စဉ်းစားနေမိသည်။ “ခရီးထွက်ခါနီးမှာ အမေက တစ်ပြည်ရပ်ခြားမှာ စိတ်ညစ်မနေနှင့်လို့ မှာလိုက်တယ်။ ယခု ကျွန်းတစ်ကျွန်း၏ ကမ်းနား သင်္ဘောကပ်လာပြီ။ ငါ နန္ဒကကို ဒီကုန်ပစ္စည်းတွေ လွှဲအပ်မယ်။ နက်ဖြန်ခါ ငါဘာဖြစ်မယ်ဆိုတာ မသိဘူး” ယင်းသို့စဉ်းစားပြီး ဓနကသည် နန္ဒကကို “ငါ့တပည့် နန္ဒက၊ မင်း ဒီကုန်ပစ္စည်းများ၏ အရှင်သခင် လုပ်ပေတော့။ မင်းကို ငါပိုင်ပစ္စည်းဥစ္စာ အားလုံး လွှဲအပ်မယ်။ သင်္ဘော ကမ်းကပ်တဲ့အခါ မင်း ကြိုက်သလိုစီစဉ်ပေတော့။ ငါ ဒီတောင်ကကျော်နိုင်တော့မယ် မထင်တော့ဘူး။ ဓနသီရိကိုသာ သူ့ဆွေမျိုးသားချင်းတွေ

mgyoe.com

mgyoe.com

ဆီပို့ဖြစ်အောင် ပို့လိုက်ပါ''ဟု ပြောသည်။ ဓနကာ၏ စကားကို ကြားသော အခါ နန္ဒကသည် အကြီးအကျယ် စိတ်မကောင်း ဖြစ်သွားသည်။ သို့ရာတွင် ဓနက အတင်းအကျပ် တိုက်တွန်းသည်ဖြစ်၍ နန္ဒကသည် ဆရာ့စကားကို လိုက်လျောရပေတော့သည်။

ထိုအချိန်အတွင်း မဟာကဋ္ဌာဟာ အမည်ရှိ ကျွန်းသို့ ဆိုက်ရောက်လာကြသည်။ နန္ဒကသည် လက်ဆောင်ပစ္စည်းများကို သယ်ဆောင်ပြီးလျှင် ထိုကျွန်းက ဘုရင်ထံ သွားတွေ့သည်။ ဘုရင်ကလည်း နန္ဒကကို ဧည့်ခံဂုဏ်ပြုပြီးလျှင် တည်းခိုနေထိုင်ဖို့အတွက် နေရာပေးသည်။ နန္ဒကသည် ဝန်စည်စလယ်များကို ချစေပြီးလျှင် ဆေးဆရာများကို ပင့်ပြီး ဓနကကို ဆေးဝါးကုသပေးသည်။ သို့သော်လည်း အကြောင်းထူးမလာသည့်အတွက် ပါလာသော ကုန်ပစ္စည်းများကို ရောင်းချပြီးလျှင် ထိုကျွန်းမှ ထွက်သော ကုန်ပစ္စည်းများကို ဝယ်ယူလျက် ကိုယ့်တိုင်းပြည် ကိုယ့်ရပ်ဌာန်သို့ ပြန်လာကြသည်။

ခရီးစခန်းများစွာတို့ကို ကျော်ဖြတ်လာပြီးနောက် တစ်နေ့သောအခါ ဓနသီရိသည် ''ငါ့ယောက်ျားအခြေအနေ ပြန်ကောင်းလာပြီ။ ငါဘယ်လိုလုပ်ရပါလိမ့်''ဟု စဉ်းစားပြီးလျှင် ညဥ့်အချိန် တစ်ပဟိုရ်လောက် ကျန်တော့သည်ဖြစ်၍ ထထိုင်သော ဓနကအား ပင်လယ်ထဲ ရုတ်တရက် တွန်းချလျက် ''အမယ်လေးတော့်''ဟု ဟစ်အော်ပြီး ငိုကြွေးလေတော့သည်။ အကျိုးအကြောင်း သိသွားသည်ဖြစ်၍ နန္ဒကသည် သင်္ဘောကို ရပ်စေပြီး ဓနကကို ကယ်ဖို့ကြိုးစားသေးသည်။ သို့သော်လည်း မတတ်သာ၍ လက်လျှော့ပြီး သင်္ဘောကို မိမိတို့ဒေသသို့ ရှေးရှုလှော်ခတ်စေသည်။ သို့သော်လည်း သေကံမရောက် သက်မပျောက်၍ ဓနကသည် ကူးရင်းယက်ရင်းနှင့် သူ့အနီးမျောလာသော သင်္ဘောပျက်တစ်ခုက ပျဉ်ပြားတစ်ချပ်ကို ဖမ်းကိုင်မိသည်။ ပျဉ်ပြားအကူအညီဖြင့် ဆက်ကူးသောအခါ ဆားငန်ရေ ဝမ်းဗိုက်ထဲ ဝင်သွားသည်ဖြစ်၍ ရောဂါသက်သာသွားပြီး ကမ်းပါးတစ်ခုသို့ ရောက်သွားသည်ဖြစ်ရာ ဘဝသစ်ရောက်လာသကဲ့သို့ ဖြစ်သွားသည်။

✣

mgyoe.com

mgyoe.com


ကျွန်ုပ်တို့၏မြို့သည် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်၍ ပင်လယ်ခရီးကို ဖြတ်ပြီး ပြည်ပနိုင်ငံများသို့ အသွားအလာလုပ်သော ကုန်သည်များနှင့် ခရီးသည်များသည် ကျွန်ုပ်တို့၏မြို့ကို ဦးတိုက်ကြရသည်။ ယင်းခရီးသည်များထဲတွင် တရုတ်ပြည်မှ ဇမ္ဗူဒိပ်ကျွန်းသို့ ကုန်းလမ်းခရီးမှ ကြွလာသော ရဟန်းတော် တစ်ပါးလည်း ပါဝင်သည်။ ဖာဟီယန် အမည်ရှိ ထိုရဟန်းတော်သည် ခရစ်နှစ်ငါးရာစုက ပေါ်ပေါက်ခဲ့သည့် ရဟန်းတော်ဖြစ်သည်။ ခရီးစဉ်မှတ်တမ်းကိုရေးသားထားခဲ့သောကြောင့် သူ၏ အကြောင်းကိုလည်းကောင်း၊ သူ့ခေတ်သူ့အခါ ဇမ္ဗူဒိပ်ကျွန်း၏ လူမှုရေးနှင့် သာသနာရေး အခြေအနေများကိုလည်းကောင်း၊ တရုတ်ပြည် ဗုဒ္ဓဘာသာအခြေအနေကိုလည်းကောင်း၊ လင်္ကာဒီပ၏ သာသနာ့သမိုင်းကိုလည်းကောင်း သိရှိနားလည်ကြရသည်။

ဟန်မင်းဆက် ဘုရင်လက်ထက် (အေဒီ ၅၈-၅၇)၌ တရုတ်ပြည်သို့ ဗုဒ္ဓဘာသာ ပြန့်ပွားရောက်ရှိလာသည်။ ၂ ရာစုတွင် ဇမ္ဗူဒိပ်ကျွန်းနှင့် အခြား ဗုဒ္ဓဘာသာနိုင်ငံများမှ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် ဗုဒ္ဓဘာသာ ပြန့်ပွားထွန်းကားရေးအတွက် တရုတ်ပြည်သို့ လာရောက်ကြသည်။ ၂ရာစု စောစောပိုင်းမှ အစပြုပြီး ၄ ရာစုနှစ် အကုန်အထိ နှစ်ပေါင်း သုံးရာအတွင်း တရုတ်ပြည်သို့ရောက်လာကြသော ဇမ္ဗူဒိပ်နှင့် အခြား ဗုဒ္ဓဘာသာနိုင်ငံများမှ ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ အဓိကလုပ်ငန်းမှာ ဗုဒ္ဓဘာသာ ကျမ်းစာများကို တရုတ်ဘာသာ ပြန်ဆိုရေးဖြစ်သည်။ ဗုဒ္ဓဘာသာရဟန်းတော်များ၏ ကြိုးပမ်းမှုကြောင့် ဗုဒ္ဓကျမ်းစာများသည် တရုတ်ပြည်၌ ထွန်းကားပြန့်ပွားလာခြင်း ဖြစ်သည်။ သို့ရာတွင် ထိုအချိန်အထိ တရုတ်ဘာသာဖြင့် ဘာသာ ပြန်ဆိုပြီးသော ဗုဒ္ဓကျမ်းစာများထဲတွင် ဝိနည်းပိဋကတ် မပါရှိသေးပေ။

ထိုအချိန်အတွင်း တရုတ်ပြည်၌ ဗုဒ္ဓဘာသာကျောင်းတိုက်များ တိုးတက်လာသည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များ များပြားလာသည်။ အဖွဲ့အစည်းတစ်ခု ရှိလာသည့်အခါ ယင်းအဖွဲ့အစည်း၌ စည်းမျဉ်းဥပဒေမရှိ၍ မဖြစ်ပေ။ တရုတ်ပြည်၌ ဗုဒ္ဓဘာသာ ရဟန်းတော်များ တိုးပွားများပြားလာသော်လည်း တရုတ်ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်လောက၌ သံဃာ၏ စည်းမျဉ်း ဝိနည်းကျမ်းဂန် မရှိသေးပေ။ ယင်းအချက်သည် တရုတ်ဗုဒ္ဓ

mgyoe.com

 mgyoe.com



ဘာသာ ရဟန်းသံဃာလောကအတွက် ရောမဟာကွက်ကြီးတစ်ခု ဖြစ်နေသည်။ ယင်းဟာကွက်ကို ဖြည့်လိုသော တရုတ်ပြည် ရဟန်းတော်များထဲတွင် ဖာဟီယန်သည် တစ်ဦးအပါအဝင် ဖြစ်သည်။ ဖာဟီယန်၏ ရိုးရိုးအမည်မှာ "ကောင်" ဖြစ်သည်။ ဖာဟီယန်ကား ရဟန်းဘွဲ့ဖြစ်၏။ ရှန်စီပြည်နယ် ပင်ယမ်ခရိုင် ဝူယမ်နယ်သားဖြစ်သည်။ ငယ်စဉ်က ချူချာသည်ဖြစ်၍ ဖခင်ဖြစ်သူက သူ့ကို သုံးနှစ်သားအရွယ်တွင် ဘုန်းကြီးကျောင်းပို့လိုက်သည်။ ဘုန်းကြီးကျောင်းတွင် ရှင်သာမဏေ ဝတ်လိုက်သောအခါချက်ချင်း ကျန်းမာလာသည်။ ၁၀ နှစ်သားအရွယ်တွင် သူ့ဖခင် ကွယ်လွန်သွားသောအခါ ဦးလေးတော်သူက သူ့ကို လူဝတ်လဲပြီး အိမ်ပြန်နေဖို့ပြောသည်တွင် သူက "ကျုပ်အဖေက ကိုရင်ဝတ်ခိုင်းလို့ ဝတ်တာမဟုတ်၊ ကျုပ်ကိုယ်တိုင် လူ့ဘောင်ကို ငြီးငွေ့လို့ သာသနာ့ဘောင် ဝင်ရောက်လာတာ"ဟု ပြန်ပြောလိုက်သည်။ သူ့အမေ ဆုံးသောအခါတွင်ကား အိမ်ခဏပြန်နေသည်။ သို့ရာတွင် မီးသင်္ဂြိုဟ်ပြီးပြီးချင်း ဘုန်းကြီးကျောင်း ပြန်သွားသည်။

တစ်နေ့တွင် ရှင်သာမဏေ ဖာဟီယန်သည် လယ်ကွင်းထဲတွင် ရဟန်းသံဃာများ၏ ရိက္ခာအတွက် တခြား ကိုရင်ကျောင်းသားများနှင့်အတူ စပါးရိတ်နေသည်။ ထိုအခိုက် လူဆိုးများက သူတို့ရိတ်ထားသော စပါးများကို အတင်းလာလုကြသည်။ ထိုအခါ တခြား ကိုရင်ကျောင်းသားများသည် လူဆိုးများကို ကြောက်ရွံ့ကြသည်ဖြစ်၍ တိမ်းရှောင် ထွက်ပြေးသွားကြသည်။ သာမဏေ ဖာဟီယန်ကမူ ထွက်မပြေးပေ။ လူဆိုးများနှင့် ရင်ဆိုင်လိုက်သည်။

"ကျုပ်တို့ ရဟန်းသံဃာတော်တွေအတွက် ပင်ပင်ပန်းပန်း ရိတ်ထားတဲ့ စပါးတွေကို သင်တို့ အခမဲ့ယူလိုက ယူနိုင်ပါတယ်။ ဒါပေမဲ့ ကျုပ်တစ်ခုပြောချင်တယ်။ အတိတ်ဘဝက ဒါနမျိုးစေ့မပါလို့ သင်တို့ အခုလို လူချင်း မတူ၊ သူချင်းမမျှ ဖြစ်နေကြရတာ။ အခုတစ်ဖန် သင်တို့ ရဟန်းသံဃာများ၏ ပစ္စည်းကို အတင်းအခမဲ့ လုယူဖို့ ကြံကြပြန်ပြီလား။ သင်တို့

mgyoe.com

mgyoe.com


ယခုလိုလုပ်ရင် နောင်ဘဝမှာ သင်တို့ ပိုပြီး ဆင်းဆင်းရဲရဲနေရမှာ ကျိုပ် စိုးရိမ်မိတယ်''

ယင်းသို့ပြောပြီး သာမဏေဖာဟီယန်သည် ကျောင်းသို့ ပြန်သွားသည်။ ကျောင်းတိုက်ရှိ ရဟန်းသံဃာတော်များက သူ့ကိုဝိုင်းပြီး ဩဘာပေးကြသည်။

သာမဏေ ဖာဟီယန်သည် ရဟန်းငယ် ဖာဟီယန် ဖြစ်လာသည်။ ရဟန်းငယ် ဖာဟီယန်သည် ရဟန်းကြီး ဖာဟီယန် ဖြစ်လာသည်။ ရဟန်းကြီး ဖာဟီယန်သည် တရုတ်ဘာသာ ပြန်ဆိုထားပြီးဖြစ်သော ဗုဒ္ဓကျမ်းစာများကို လေ့လာဆည်းပူးသည်။ သို့ရာတွင် တရုတ်ဘာသာ ပြန်ဆိုထားပြီးဖြစ်သော ဗုဒ္ဓကျမ်းစာများထဲတွင် ရဟန်းသံဃာတော်တို့၏ ကျင့်ဝတ် ဝိနည်းကျမ်းဂန်ကို အပြည့်အစုံမတွေ့ရသောကြောင့် မချင့်မရဲဖြစ်နေသည်။ ထို့ကြောင့် ဝိနည်းပိဋကတ်ကျမ်းဂန်ကို ဆောင်ကြဉ်းယူလာရန် ဗုဒ္ဓဘာသာ ပင်မနိုင်ငံဖြစ်သော ဇမ္ဗူဒိပ်သို့ စွန့်စားသွားရောက်ရန် ဆုံးဖြတ်လိုက်သည်။

ဖာဟီယန်သည် အေဒီ ၃၉၉ တွင် တရုတ်ပြည် ချန်ဂန်အမ်မှ စတင် ခရီးထွက်သည်။ ထိုအချိန်က သူ၏ အသက်မှာ ၆၅ နှစ် ရှိနေပြီ။

ဖာဟီယန်သည် ဟွီချင်၊ တိုချင်၊ ဟွီယင်၊ ဟွီဝေ စသော အဖော်ကိုးဦးနှင့်အတူ စတင် ခရီးထွက်သည်။ လန်းတောင်များကို ဖြတ်ကျော်လာရာ ချင်ကွီဘုရင်၏ ပြည်နယ်သို့ ရောက်လာသည်။ ယင်းပြည်နယ်၌ ခရီးတစ်ထောက် နားသည်။ ထိုမှတစ်ဖန် ခရီးဆက်ကြရာ ယမ်လိုတောင်ကို ဖြတ်ကျော်သွားကြပြီး ချင်ယေမြို့ကလေးသို့ ရောက်သွားသည်။ ထိုမြို့၌ တခြား ခရီးသွားဖော် ငါးဦးကို ထပ်မံတွေ့ရှိရသည်။ ခရီးတစ်ထောက်နားပြီး ခရီးဆက်ကြပြန်ရာ တန်ဟောင်မြို့သို့ ရောက်သွားကြသည်။ ယင်းမြို့၌ တစ်လခန့် နားနေပြီး ခရီးဖော်အချို့နှင့် လမ်းခွဲလျက် ခရီးဆက်သည်။ ယင်းခရီး၌ ဖာဟီယန်တို့ လူစုသည် ဂိုဘီသဲကန္တာရကို ဖြတ်ကြရသည်။ သဲကန္တာရ ခရီးကား ကျော်လွန်ဖြတ်သွားရန် မလွယ်သည့်ခရီးကြမ်း ဖြစ်သည်။ ထို

mgyoe.com

mgyoe.com


သဲကန္တာရအကြောင်းကို ဖာဟီယန်က သူ၏ ခရီးစဉ်မှတ်တမ်း၌ ဤသို့ ရေးသားထားသည်။

သဲကန္တာရ၌ရှိသော နာနာဘာဝများနှင့် လေပူသည် ကြုံကြိုက်သူ မှန်သမျှအား အသက်ချမ်းသာခွင့် မပေးပေ။ ဤဒေသ၌ ကောင်းကင်တွင်လည်း ကျေးငှက်သာရကာများ မရှိပေ။ မြေပြင်၌လည်း သားရဲတိရစ္ဆာန် မရှိပေ။ မျက်စိတစ်ဆုံး မျှော်ကြည့်ပါသော်လည်း လူသွားလမ်းဟူ၍ မမြင်ရ။ ဆွေးမြည့်နေသည့် လူ့အရိုးများကသာလျှင် လမ်းကို ညွှန်ပြနေကြသည်။

ရက်အားဖြင့် ၁၇ ရက်၊ ခရီးအတိုင်းအတာအားဖြင့် ၁၅၀၀ လီ ဆက်လက် ခရီးသွားပြီးသောအခါ ဖာဟီယန်တို့သည် ရှန်ရှန်ပြည်သို့ ရောက်သွားကြသည်။ ဖာဟီယန်က သူ၏ ခရီးစဉ်မှတ်တမ်း၌ ရှန်ရှန်သည် မြေသြဇာ ညံ့ဖျင်းကြမ်းတမ်းသည့် နယ်မြေဖြစ်ကြောင်း ရေးသားထားသည်။ ထိုနယ်မြေဒေသ၌ ဟိနယာနဂိုဏ်းဝင် ရဟန်းသံဃာ ၄၀၀၀ ခန့် တွေ့မြင်ခဲ့ရကြောင်းကိုလည်း မှတ်တမ်းတင်ထားသည်။

ရှန်ရှန်၌ တစ်လကျော်လောက်နေပြီး အနောက်ဘက် ခရီးဆက်ကြရာ ၁၅ ရက်အကြာတွင် ကာရရှာပြည် ရောက်လာကြသည်။ ထိုဒေသ၌လည်း ဝိနည်းသိက္ခာပုဒ်ကို မြတ်နိုးကြသည့် ဟိနယာနဂိုဏ်းဝင် ရဟန်းသံဃာ ၄၀၀၀ ခန့်ကို ဖာဟီယန်တို့ တွေ့မြင်ခဲ့ရသည်။ ထိုမှတစ်ဆင့် အနောက်တောင်ဘက် ခရီးဆက်ကြပြန်သည်။ ထိုခရီးမှာ ဖြူးဖြောင့်လွယ်ကူသော ခရီး မဟုတ်ပေ။ ခရီးလမ်းပန်းတစ်လျှောက်၌ လူနေအိမ်ခြေဟူ၍ မရှိပေ။ သဲကန္တာရအတွင်း၌ ခရီးကြမ်းနှင်ရခြင်းဖြစ်ရာ မည်သည့်အခက်အခဲနှင့်မျှ နှိုင်းယှဉ်၍ မရသော အခက်အခဲမျိုးနှင့် ကြုံတွေ့ကြရသည်။ တစ်လနှင့် ငါးရက်ကြာသောအခါ ကိုတန် ရောက်လာကြသည်။

ကိုတန်ပြည်သည် စည်ကားသည်။ ဝပြောသည်။ တိုင်းသူပြည်သားအားလုံးမှာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ကြသည်။ ရဟန်းသံဃာပေါင်းထောင်သောင်းများစွာ ရှိသည်။ မဟာယာန ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်သူများ ဖြစ်သည်။ ကိုတန်ပြည်သားတို့သည် လူတစ်ကိုယ် ဘုရားတစ်ဆူ

mgyoe.com

mgyoe.com


ကိုးကွယ်သူများ ဖြစ်သည်။ အိမ်တိုင်းအိမ်တိုင်း၏ ရှေ့၌ ဉာဏ်တော်အမြင့် ပေ ၂၀ ရှိသည့် စေတီတစ်ဆူတည်ထားကြသည်။ ကိုတန်ဘုရင်က ဖာဟီယန်တို့အဖွဲ့အား ဂေါတမီ အမည်ရှိ မဟာယန ကျောင်းတိုက်တစ်တိုက်တွင် တည်းခို နေထိုင်စေသည်။ ထိုကျောင်းတိုက်၌ သံဃာ ၃၀၀၀ ခန့် သီတင်းသုံးသည်။ ဆွမ်းစားကြေးမောင်း ခေါက်သည့်အခါ ထေရ်စဉ်ဝါလိုက် တိတ်ဆိတ်ငြိမ်သက်စွာ အားလုံးစုဝေးပြီး ဆွမ်းစားကြသည်။

ဖာဟီယန်အဖွဲ့တွင် ပါလာသည့် ပုဂ္ဂိုလ်သုံးဦးသည် ကာရှဂါရ်သို့ ခရီးဆက်သွားကြသည်။ ဖာဟီယန်နှင့် အခြားအဖော်တစ်စုသည် ကိုတန်တွင် နေကျန်ရစ်ခဲ့သည်။ ဖာဟီယန်သည် ခရီးသွားရင်းဟန်လွှဲလိုသူဖြစ်သည်။ မဇ္ဈိမဒေသနှင့် ဇမ္ဗူဒိပ်သို့ ထွက်လာခဲ့ရာ လမ်းတစ်လျှောက်ရှိ တိုင်းပြည်နှင့် လူမျိုးတို့၏ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုတို့ကို မျက်နှာလွှဲသွားသူ မဟုတ်ပေ။ ရောက်ရာဒေသ ကြုံရာလူမျိုးတို့၏ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုတို့ကို မှတ်သားလေ့လာသွားသည်။ ကိုတန်တွင်လည်း သုံးလကြာလျှင် ဘုရားလှည့်ပွဲ ကျင်းပဖို့ရှိနေသည်။ ဘုရားလှည့်ပွဲကို ကြည့်ရှုလေ့လာလို၍ ကိုတန်တွင် သုံးလ ဆက်လက်စောင့်ဆိုင်းနေသည်။ ဘုရားလှည့်လည်ပွဲ အကြောင်းကို ဖာဟီယန်က ဤသို့ မှတ်တမ်းတင်ထားသည်။

ဝါဆိုလဆန်း တစ်ရက်နေ့မှစ၍ မြို့တွင်းရှိလမ်းများတွင် အမှိုက်သရိုက်များ ရှင်းလင်းပြီး လှပစွာ တန်ဆာဆင်ယင်ထားသည်။ မြို့မုခ်ဦးပေါ်တွင် ဆန်းကြယ်စွာ မွမ်းမံခြယ်လှယ်ထားသည့် နေရောင်ကာများကို ဆောက်လုပ် ဖန်တီးထားသည်။ ယင်း ယာယီစံနန်း၌ မင်း မိဖုရားနှစ်ပါးသည် မောင်းမမိဿံ အခြွေအရံများနှင့် စံနေသည်။

ဂေါတမီကျောင်းတိုက်ရှိ မဟာယာနဂိုဏ်းဝင် ရဟန်းသံဃာတော်များသည် ဘုရင်မင်းမြတ် ဦးစားပေးခြင်းခံရသူများဖြစ်၍ ဘုရားလှည့်ပွဲ၌ ဗုဒ္ဓရုပ်ပွားတော်ကို ပထမဦးဆုံး ပူဇော်ခွင့်ရရှိသူများ ဖြစ်သည်။ မြို့မှ လေးလီ၊ ငါးလီ လှမ်းသောနေရာ၌ ဘီးလေးဘီးတပ် ပေ ၃၀ ကျော် မြင့်သော ပြာသာဒ်ရထားကြီးကို ရတနာခုနစ်ပါးဖြင့်လည်းကောင်း၊ တံခွန်၊

mgyoe.com